# ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ သောကြာနေ့ (3-1-2014) (၇၇၁၄)


# အတိတ်၏အာရုမင်းသမီးဟု တင်စားခဲ့သည့် ရန်ကုန်မြို့

အရှိန်အဟုန်ကောင်းစွာဖြင့် ပြုပြင်ပြောင်းလဲနေသော ရန်ကုန်မြို့ကြီးတွင် အချို့မှာ တဖြည်းဖြည်း တရွေ့ရွေ့နှင့် မှန်မှန်ကြီး ပြောင်းလဲမှုများလည်းရှိနေသလို လျင်လျင်မြန်မြန်ဖြင့် တစ်မုဟုတ်ချင်း ပြောင်းလဲမှုများလည်းရှိနေသည်။ မည်သို့ပင်ပြောင်းလဲစေကာမူ အပျက်သဘောထက် အပြုသဘောဖြင့် ပြောင်းလဲခြင်းကသာ မြို့ပြ၏ ကောင်းသောအပေါင်းလက္ခဏာကို ရရှိမည်ဖြစ်သည်။ အဓိက အရေးအကြီးဆုံးမှာ မြို့ပြကို မည်မျှပြောင်းလဲနိုင်မည်၊ မည်သို့ပြောင်းလဲမည်ဆိုသည့် ဦးတည်ချက်နည်းဗျူဟာကသာ အရေးအကြီးဆုံး ဖြစ်ပေလိမ့်မည်။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် သုံးနှစ်နီးပါး ဟန်ချက်ညီညီ ချီတက်နေပြီဖြစ်သည်။ ရန်ကုန်မြို့သည် မြို့ပြထွန်းကားပြီးသော မြို့ကြီးများ၏ သက်တမ်းဖြင့် နှိုင်းစာလျှင် များစွာခေတ်နောက်ကျခဲ့ရသည်။ ထို့ကြောင့်ပင် မြို့တော်နေပြည်သူများ မျှော်လင့်ထားသည်များနှင့်အတူ မျှော်လင့်မထားသည့် စိန်ခေါ်မှုမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့ကြရမည်သာ ဖြစ်သည်။ ယင်းသို့သော အခက်အခဲအတားအဆီးများသည် မြို့ပြစည်ပင်စ မြို့တစ်မြို့အတွက် အဟန့်အတားမဟုတ်သလို မြို့ပြ၏ အခြေခံသင်ခန်းစာများ သဖွယ် မှတ်ယူကြရမည်။ **စာမျက်နှာ ၇ ကော်လံ ၄ သို့** ❍

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁/၂၀၁၄**

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့် လည်းကောင်း အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(က) အရ နိုင်ငံတော်သမ္မတသည် ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်(ခရစ်နှစ် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းကဲ့သို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်-

(က) သေဒဏ်ချမှတ်စေခြင်းခံရသူများအတွက် ထောင်ဒဏ်တစ်သက်(နှစ်အကန့်အသတ်မရှိ)သို့ ပြောင်းလဲကျခံစေရန်။

(ခ) နှစ်အကန့်အသတ်မရှိနှင့် ထောင်ဒဏ်တစ်သက်ကျခံနေရသည့် အကျဉ်းသားများ(သေဒဏ်မှ ထောင်ဒဏ်တစ်သက်နှင့် နှစ်အကန့်အသတ်မရှိသို့ လျှော့ပေါ့ကျခံနေသူများမပါ)နှင့် ထောင်ဒဏ်(၄၀)နှစ်အထက်ကျခံနေရသူများအား ထောင်ဒဏ်(၄၀)နှစ်သို့ လျှော့ပေါ့ကျခံစေရန်။

(ဂ) ထောင်ဒဏ်(၄၀)နှစ်နှင့်အောက် ကျခံနေရသည့် အကျဉ်းသားများအား ယင်းတို့ကျခံနေသော ထောင်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

သတင်းဆောင်းပါး ›› စောရွှေဂွန်း



*မြို့ပြဖွံ့ဖြိုးလာမှုနှင့်အတူ တိုးတက်ခေတ်မီလာသော တိုက်တာအဆောက်အအုံများနှင့် ရန်ကုန်မြို့မြင်ကွင်း။*

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်

**နေပြည်တော် ဇန်နဝါရီ ၂**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## ယနေ့ မာတိကာ


လွတ်လပ်မှု၏ အရသာ
စာမျက်နှာ ›› ၂

ဈေးကွက်လိုအပ်ချက်နှင့်အညီ စဉ်ဆက်မပြတ်ထုတ်လုပ်ရောင်းချ
စာမျက်နှာ ›› ၃

နိုင်ငံတော်အနေဖြင့် ပြည်သူ့အကျိုးရှေးရှုပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိ
စာမျက်နှာ ›› ၅

ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပွဲစဉ်များမဲခွဲ အာဆင်နယ်နှင့်ဘိုင်ယန်မြူးနစ် ထိပ်တိုက်တွေ့ဆုံ
စာမျက်နှာ ›› ၁၃



ဦးအောင်နိုင် LCCI Level I, II, III
ရွှေတံဆိပ်ဆုရှင်-CPA
B.Com(Q), CPA, FLCCI (London-UK), DA (LCCI-UK), FFA (IFA-UK)
တရင်းကိုင်သင်တန်းများ
For Series 3/2014
ကျောင်းအပ်လက်ခံပြီ
Ph: 01-377 610, 09 730 99 752, 09 730 66 231, 09 515 10 24

**ကြေးမုံ စာတည်း ရှုထောင့် — ၃-၁-၂၀၁၄၊ သောကြာနေ့**

# လွတ်လပ်မှု၏ အရသာ

မိမိတို့နိုင်ငံသည် သူ့ကျွန်ဘဝမှာ နှစ်ပေါင်းရာချီ ခါးစည်းခံခဲ့ရသည်။ ကျွန်ဘဝ၏သဘာဝ အမျိုးမျိုးသော ဖိနှိပ်ချုပ်ချယ်မှု၊ ရက်စက်မှုမျိုးစုံနှင့် ကြုံခဲ့ကြရသည်။ ဖိနှိပ်မှုဟူသမျှတွင် တန်ပြန်သက်ရောက်မှု တွန်းကန်မှုဟူသည် ရှိစမြဲ။ နယ်ချဲ့တို့၏ နှောင်ကြိုးအတန်တန်ကို ဖြတ်တောက်နိုင်ဖို့၊ လွတ်လပ်မှုကို ရယူနိုင်ဖို့ တရားသောနည်းလမ်းဟူသမျှ သုံးကာ ရုန်းကန်လှုပ်ရှားခဲ့ကြရသည်။

"တစ်ဦးဆောင်သော် မရ၊ တစ်သောင်းဆောင်သော်ရ၏" ဆိုစကားနှင့်အညီ ပြည်ထောင်စုဖွား တိုင်းရင်းသားပေါင်းစုံ လက်တွဲညီညာစွာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည်။ ရဟန်းရှင်လူပြည်သူတစ်ရပ်လုံး၏ သွေးစည်းအားကို နယ်ချဲ့များ လက်လျှော့အရှုံးပေးခဲ့ရသည်။ ဤသို့ဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်မှာ ဝင့်ထည်လာနိုင်ခဲ့သည်။

လွတ်လပ်ရေးဟူသည် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသားများ၏ ကံကြမ္မာကို မြန်မာနိုင်ငံသားများက ဖန်တီးခွင့်ရလာခြင်းပင်ဖြစ်သည်။ ထို့ကြောင့်လည်း ဤအခွင့်အရေး ပြည့်ပြည့်ဝဝရရှိလာရေးအတွက် အသက် သွေး ချွေးများစွာစတေးပြီး ခက်ခက်ခဲခဲရယူခဲ့ကြရသည်။ သို့သော် မိမိတို့ပြည်သူများ လွတ်လပ်ရေး၏ အရသာကို ပြည့်ပြည့်ဝဝခံစားခွင့် မရကြမီ ဝါဒစွဲ၊ လူမျိုးစွဲ၊ အတ္တမာနတို့ကြောင့် လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းစစ်မီးဟုန်းဟုန်းတောက်ခဲ့သည်။ နိုင်ငံရေး အဖွဲ့အစည်းအချင်းချင်းကြားတွင်၊ တိုင်းရင်းသားအချင်းချင်းကြားတွင် ယုံကြည်မှု မတည်ဆောက်နိုင်ခဲ့မှုကြောင့် တိုင်းပြည်တည်ဆောက်ရေးတွင် ကြီးစွာအဟန့်အတားဖြစ်စေခဲ့သည်။ လွတ်လပ်ရေးရပြီးပါလျက် လွတ်လပ်ရေး၏ အရသာကို မခံစားကြရ။ ပြည်တွင်းစစ်နွံထဲမှာ ရုန်းရင်းကန်ရင်း အသက်ရှင်သန်နိုင်ရေး ပြေးရလွှားရနှင့် နှစ်ပေါင်းများစွာကြာခဲ့ရပါသည်။

ယခုဆိုလျှင် လွတ်လပ်ရေးရခဲ့သည်မှာ နှစ်ပေါင်း (၆၆)နှစ် တိုင်ခဲ့ပါပြီ။ မိမိတို့နိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးသည်လည်း ရရှိဖို့အချိန်တန်လာခဲ့ပါပြီ။ လက်နက်ကိုင်ဖြေရှင်းသည့်နည်းလမ်းဖြင့် ရယူလိုသည့် အခွင့်အရေးရပိုင်ခွင့်များကို မရနိုင်ကြောင်း သမိုင်းက သက်သေပြခဲ့ပါပြီ။

လက်ရှိကာလတွင် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးလူ့အဖွဲ့အစည်းတစ်ရပ်ကို ခေတ်သစ်တစ်ရပ်နှင့် ခေတ်သစ်ထူထောင်လျက်ရှိနေပြီ။ ပွင့်လင်းလူ့အဖွဲ့အစည်းတွင် ပွင့်လင်းမြင်သာမှုများမြင်တွေ့လာနေရပါပြီ။ မိမိတို့နိုင်ငံကို နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့သော နိုင်ငံရေးစနစ်သစ်ကား နုနယ်သေးသော်လည်း နှစ်ပေါင်း ၆၀ ကျော်ဖြေရှင်းမရနိုင်ခဲ့သော ပြည်တွင်းငြိမ်းချမ်းရေး အစစ်အမှန်ကို ဖော်ထုတ်နိုင်ခဲ့ပါပြီ။

စေတနာမှန်သော ကံတရားဟုဆိုရပါမည်။ တစ်တိုင်းတစ်ပြည်လုံး၏ ဆန္ဒကို စွမ်းဆောင်မှုပေးလာနိုင်ခြင်း။ တစ်ချိန်သောကာလက ပြည်တွင်းစစ်မီးကြောင့် တစပြင်ပမာဖြစ်နေခဲ့သော နယ်စပ်ဒေသများသည် ကုန်သွယ်စခန်းများအဖြစ်ရောင်းဝယ်ဖောက်ကားစည်ကားလျက်ရှိလာနေပြီ။ တစ်ချိန်က ယမ်းငွေ့လွှမ်းသောလေထုသည် ယခုသန့်ရှင်းလတ်ဆတ်စွာ ပြည်သူတို့ ရှူရှိုက်ခွင့်ရလာခဲ့ပါပြီ။

စစ်မှန်သော ငြိမ်းချမ်းရေးကြောင့် မိမိတို့လွတ်လပ်ရေးအရသာကို ပြည့်ဝစွာခံစားခွင့်ရလာခဲ့ပါပြီ။ ထိုမှစ၍ နောင်နှစ်ပေါင်းများစွာတိုင် ငြိမ်းချမ်းရေးပန်းခင်းမှ လွတ်လပ်မှုအသီးအပွင့်များသည် အစွန့်ရှည်ကြာတည်ပါစေသတည်း။ ။



## ဆီးဂိမ်းပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးတွင် ကူညီခဲ့ကြသော Designer များ၊ မိတ်ကပ်ပညာရှင်များနှင့် အလှူရှင်များအား ဂုဏ်ပြု

**နေပြည်တော် ဇန်နဝါရီ ၂**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ကူညီခဲ့ကြသော Designer များ၊ မိတ်ကပ်ပညာရှင်များနှင့် အလှူရှင်များအား ဂုဏ်ပြုညစာ ညစာ ဧည့်ခံပွဲကို မန္တလေးမြို့ Ayarwaddy River View Hotel ၌ ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် ကျင်းပခဲ့ရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ Designer များ၊ မိတ်ကပ်ပညာရှင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး နိုင်ငံတော်သမ္မတက ချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်**(ဝဲပုံ)**၍ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆုများအတွက် စာမူပေးပို့ရက် တိုးမြှင့်သတ်မှတ်

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၁၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများပေးပို့ရန် နောက်ဆုံးတင်သွင်းရမည့်ရက်ကို မူလက ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် သတ်မှတ်ထားသော်လည်း ယခုအခါ ပြိုင်ပွဲရက်ကို ဇန်နဝါရီ ၃၁ ရက်အထိ တိုးမြှင့်လိုက်ကြောင်းနှင့် အချိန်မမီလိုက်သူများ၊ ယှဉ်ပြိုင်ရန် ပြင်ဆင်နေသူများ စာပေဝါသနာအိုးများအတွက် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုတွင် ယခင်သတ်မှတ်ထားသည့်အတိုင်း ဘာသာရပ် ၁၃ မျိုးအတွက် ပြိုင်ပွဲဝင်စာမူများကို စည်းကမ်းချက်များတွင် ပါရှိသည့် စာလုံးရေကန့်သတ်ချက်အတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ပြိုင်ပွဲဝင်စာမူပုံစံများကို စာတည်းမှူးချုပ် အမှတ် (၅၂၉/၅၃၁ )ကုန်သည်လမ်း စာပေဗိမာန်တွင် ရယူနိုင်ပြီး နယ်မှစာမူတင်သွင်းလိုသူများသည် ငွေကျပ် ၈၀၀ ပေးပို့၍ ပုံစံများမှာယူနိုင်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများကို ပြောင်းလဲလာသည့် ဆုရွေးချယ်မှုပုံသဏ္ဌာန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မှုစနစ်၊ ခေတ်စနစ်နှင့်လျော်ညီစွာ တိုးမြှင့်လာသည့် ဆုကြေးငွေတို့ကြောင့် ပြိုင်ပွဲဝင်လိုသော ဝါသနာရှင်များ၏ ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ယခုကဲ့သို့ ပြိုင်ပွဲဝင်ရက် တိုးမြှင့်သတ်မှတ်ပေးရခြင်းဖြစ်ကြောင်း စာပေဗိမာန်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(သတင်းစဉ်)**



**မီးကြွင်းမီးကျန်
မထားရန်
ကျင့်ကြံသတိ
အမြဲရှိ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂**

| | | |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၅၁၀၀၀ | - ၆၅၂၀၀၀ |
| မန္တလေး ရွှေဈေး | ၆၅၀၈၀၀ | - ၆၅၁၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၁၀၉၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၉၁၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၇. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၅၈. ၂ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၀. ၄၈ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၃. ၀၃ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၀. ၀၆၄ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၀. ၇၈ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၉၄၈ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၃၇. ၅၄ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၄၉၀ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၈. ၇၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



# နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်း၌ ဟိုတယ်များဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော် ဧည့်ဂေဟာဝင်းအတွင်းရှိ Grand Amara Hotel ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဟိုတယ်ရှေ့၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးလှထွန်း၊ ဦးတင့်ဆန်း၊ ဦးဌေးအောင်၊ ဦးကျော်လွင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဦးဌေးအောင်နှင့် ဦးကျော်လွင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် နေပြည်တော်ကောင်စီဝင် ဦးကံချွန်တို့က ဖဲကြိုးဖြတ်၍ Grand Amara Hotel အဆောက်အအုံအား ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက Grand Amara Hotel ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များက ဟိုတယ်ဆိုင်းဘုတ်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူကျင်းပမည့် ထိပ်သီးအစည်းအဝေးများ၌ နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများ တည်းခိုနိုင်ရန် နိုင်ငံတကာအဆင့်မီ ဆောက်ရွက်ထားသော Presidential Suite, Capital Suite, Ambassador Suite, Diplomat Suite, Superior, Meeting Room, Call Room, Function Hall များကို လှည့်လည်ကြည့်ရှုကြသည်။

အလားတူ နေပြည်တော် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်နွယ်သာကီ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ တွင် အဆိုပါ ဟိုတယ်ရှေ့၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုံးနှင့် ဒေါက်တာဝင်းမြင့်၊ Original Group Co.,Ltd. ဥက္ကဋ္ဌ ဦးသာဌေးနှင့် မန်နေဂျင်းဒါရိုက်တာ ဒေါ်ကြည်ခင်တို့က ဟိုတယ်နွယ်သာကီ အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဟိုတယ်နွယ်သာကီ ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များက ဟိုတယ်ဆိုင်းဘုတ်အား အမွှေးနံ့သာရည်ပက်ဖျန်းပေးကြကာ ဟိုတယ်အတွင်း နိုင်ငံတကာအဆင့်မီ ဆောက်ရွက်ထားသော Presidential Suite, Vice Presidential Suite, Ambassador Suite, Ministrator Suite, Executive Suite, Standard Room, Meeting Room, Call Room, Function Hall တို့ကို လှည့်လည်ကြည့်ရှုကြသည်။



Grand Amara Hotel ဟိုတယ်သည် တော်ဝင်ရတနာလမ်းမကြီးဘေးတွင် တည်ဆောက်ထားပြီး နိုင်ငံတကာအဆင့်မီ Presidential Suite နှစ်ခန်း၊ Capital Suite နှစ်ခန်း၊ Ambassador Suite နှစ်ခန်း၊ Diplomat Suite ၁၉ ခန်း၊ Superior အခန်း ၉၀၊ Standard အခန်း ၁၀၀တို့ ပါဝင်ပြီး ဟိုတယ်နွယ်သာကီသည် Presidential Suite တစ်ခန်း၊ Vice Presidential Suite တစ်ခန်း၊ Ministrator Suite နှစ်ခန်း၊ Executive Suite ၂၂ ခန်း၊ Standard ၆၆ ခန်းတို့ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဈေးကွက်လိုအပ်ချက်နှင့်အညီ စဉ်ဆက်မပြတ်ထုတ်လုပ်ရောင်းချ



**နေပြည်တော် ဇန်နဝါရီ ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးရှိ အမှတ်(၁၈)အကြီးစားစက်ရုံ(အင်းကုန်း)သို့ သွားရောက်၍ စက်ရုံအတွင်း လှည့်လည်စစ်ဆေးပြီး တောင်ပေါ်ကွဲခေါ်သည့် လက်တွန်းထွန်စက်များ ဈေးကွက်လိုအပ်ချက်နှင့်အညီ စဉ်ဆက်မပြတ် ထုတ်လုပ်ရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်သွားရန်လိုအပ်ကြောင်း ရိတ်သိမ်းခြွေလှေ့စက်များ အသုံးဝင်မှုကို တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး မီဒီယာများကို အကျိုးရှိစွာ အသုံးပြုသွားရမည်ဖြစ်ကြောင်း၊ မိမိစက်ရုံမှထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများအတွက် လိုအပ်သည့် အပိုပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်သူများ စက်များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်သည်အထိ ရှင်းလင်းပြသပေးပြီး ဝန်ဆောင်မှုကောင်းများပေးသွားရမည်ဖြစ်ကြောင်း၊ စက်ရုံထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးပိုင်းသာမက ဈေးနှုန်းရောဝန်ဆောင်မှုပါ ယှဉ်ပြိုင်နိုင်ရမည်ဖြစ်ကြောင်း၊ စက်များရောင်းချရုံသာမက ဒေသခံတောင်သူများအတွက် လိုအပ်ပါက လိုက်လံရိတ်သိမ်း ခြွေလှေ့ခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် မိမိစက်များ၏ အသုံးဝင်ပုံကို တောင်သူများ သိရှိပြီး စက်ရုံအတွက်လည်း ဝင်ငွေများရရှိနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံသန့်ရှင်းသာယာလှပရေးအတွက်လည်း ဂရုပြုဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ကျောက်ဆည်စက်မှုဇုန်နယ်မြေရှိ အဆင့်မြင့်မှန်များထုတ်လုပ်သည့် အမှတ်(၃၆)အကြီးစားစက်ရုံသို့ သွားရောက်ပြီး ရှင်းလင်းဆောင်၌ ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများမှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် မကြာမီ ဖွင့်လှစ်တော့မည့် အဆင့်မြင့် မှန်စက်ရုံကြီးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးနိုင်ရန် လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ တာဝန်ရှိသူများ၏ ကြီးကြပ်မှု၊ ပေါင်းစပ်ညှိနှိုင်းပေးမှုများကြောင့် အဆင့်မြင့်မှန်စက်ရုံကြီးကို မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ရာ အရည်အသွေးပြည့်မှန်များကို ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်ပေးနိုင်တော့မည် ဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ စက်ရုံဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုများနှင့် အဆင့်မြင့်မှန်များ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်)ကို ပြည်တွင်းသယံဇာတကုန်ကြမ်းနှင့် ပစ္စည်းများကို အသုံးပြု၍ အဆင့်မြင့်မှန်များထုတ်လုပ်သွားရန်၊ ခေတ်မီမှန်ထုတ်လုပ်မှုနည်းပညာများ တိုးတက်ဖွံ့ဖြိုးလာစေရန်၊ အရည်အသွေးမြင့် မှန်များ ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားမှ တင်သွင်းနေမှုလျော့နည်းပြီး နိုင်ငံခြားငွေခြိုးခြံချွေတာရန်နှင့် သက်သာစေရန်၊ နယ်မြေအတွင်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CAMCE Co., Ltd. နှင့် စာချုပ်ချုပ်ဆိုအကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၉ ခုနှစ် မေလ ၂၀ ရက်တွင် စီမံကိန်းလုပ်ငန်းများ စတင်ခဲ့ရာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးခဲ့ပြီး စက်ရုံကြီးကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ရာ အရောင်မှန်များ၊ ရိုးရိုးမှန်အကြည်များ၊ လွှာထပ်မှန်များ၊ အားဖြည့်မှန်များနှင့် ကြည့်မှန်(Mirror)အမျိုးမျိုးအား တစ်နှစ်လျှင် တန်ချိန် ၄၀၀၀၀ ကျော် ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၆၂)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့် ၂၀၁၄ ခုနှစ်အတွင်း (၆၂)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီ အစည်းအဝေးကို ပထမဦးဆုံးအိမ်ရှင်နိုင်ငံအဖြစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ရှိ အမရာဟိုတယ်၌ လက်ခံကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုဘာသာရပ်တာဝန်ခံအရာရှိ ၅၀ ခန့် တက်ရောက်ကြမည်ဖြစ်ပြီး အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကိုပြင်ဆင်မည့် အခြေပြစာချုပ်အား လက်မှတ်ရေးထိုးနိုင်ရန်၊ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ပါ ခွင့်မပြုနိုင်သောစာရင်းများ ပြင်ဆင်ခြင်းနှင့် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီသည် အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ပါ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း၊ လွယ်ကူချောမွေ့ခြင်း၊ ဖြေလျှော့ခြင်းများ၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု တိုးတက်စီးဝင်ရေးကို ဆောင်ရွက်နေပြီး အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကတိကဝတ်များနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ဦးဆောင်ကြီးကြပ်အကောင်အထည်ဖော်နေသည့် ကော်မတီဖြစ်သည်။

**(စီမံ/စီးပွား)**

# (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲနှင့် စာအုပ်ပြပွဲကျင်းပ

**ပေါင် ဇန်နဝါရီ ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲနှင့် စာအုပ်ပြပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီတွင် ဥတ္တံတားကျေးရွာ အလယ်တန်းကျောင်း ရတနာမွန်ကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဥတ္တံတားကျေးရွာအလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နော်တင်ဦးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဖေငြိမ်းက လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံနှင့် ဦးတည်ချက်များကို ဟောပြောပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ် မြတ်ထွေးက စာအုပ်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသော ကျေးရွာအထောက်အကူပြုကော်မတီများ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လွတ်လပ်ရေးနေ့ ပြခန်းဓာတ်ပုံများနှင့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၃-၁-၂၀၁၄ (သောကြာနေ့)**

| | | | |
|---|---|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး ပရိတ်တရားတော် | | နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၆း၃၀ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ | ၄း၃၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သချာအထူးပြု) (သချာ) |
| ၆း၄၀ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ၊ အက | | |
| ၉း၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် | | |
| ၁၀း၁၅ | ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် | ၆း၄၀ | ချစ်သောဤကမ္ဘာမြေ |
| ၁၁း၀၀ | ဆေးရောင်စုံရုပ်ရှင် “ သူ့ကျွန်မခံပြီ” (ပထမပိုင်း) (ညွန့်ဝင်း၊ ကျော်သူ၊ ကျော်ရဲအောင်၊ လွင်မိုး၊ စံရှားတင်၊ မေသန်းနု၊ နန္ဒာလှိုင်၊ ချိုသင်း) (ဒါရိုက်တာ-ကြည်စိုးထွန်း) | ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း |
| | | ၈း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| | | ၈း၅၀ | ကြယ်ပွင့်များရဲ့ အထင်ကရတေးများ -မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ |
| ၁၂း၀၀ | ပြည်တွင်းသတင်း၊ | | |

# အန္တာတိက ရေခဲပြင်အတွင်း ပိတ်မိနေသော သုတေသနရေယာဉ်မှ ခရီးသည်များကို ကယ်တင်



အန္တာတိကရေခဲပြင်အတွင်း ပိတ်မိနေသော သုတေသနရေယာဉ်ကို တွေ့ရစဉ်။

ဆစ်ဒနီ ဖန်နဝါရီ ၂

**တောင်ဝင်ရိုးစွန်း အန္တာတိက ရေခဲပြင်အတွင်း ရက်သတ္တတစ်ပတ်ကျော်မျှ ပိတ်မိနေသော သိပ္ပံသုတေသနရေယာဉ်တစ်စင်းမှ ခရီးသည်များအားလုံးကို ဖန်နဝါရီ ၂ရက်တွင် ကယ်တင်နိုင်ခဲ့ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။**

ဩစတြေးလျနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၄ရက်မှစ၍ ပင်လယ်ပြင်အတွင်း ပိတ်မိနေသော ရုရှားမှတ်ပုံတင် အမ်ဗွီအကယ်ဒမစ်ရှိုခါစကီးအမည်ရှိ သုတေသနရေယာဉ်ပေါ်မှ ခရီးသည်၅၂ဦးစလုံးကို ဘေးကင်းစွာကယ်တင်ပေးနိုင်ခဲ့သည်။

ဩစတြေးလျနိုင်ငံ တက်စမေးနီးယားဒေသ ဟိုဘတ်မြို့၏ တောင်ဘက် ကီလိုမီတာ ၂၈၀၀ ခန့်အကွာတွင် ရေခဲပြင်အတွင်း အဆိုပါ သုတေသနရေယာဉ် ပိတ်မိနေခဲ့သည်။

တရုတ် ရေခဲခွဲသင်္ဘောတစ်စင်းမှ ရဟတ်ယာဉ်တစ်စင်းကို အသုံးပြုကာ ပိတ်မိနေသော ခရီးသည်အားလုံးကို ကယ်တင်ပေးခဲ့ပြီး ယခုအခါ ၎င်းတို့အားလုံး အော်ရိုရာ ဩစတြေးလစ်အမည်ရှိ သင်္ဘောပေါ်သို့ ရောက်ရှိနေကြပြီဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

ပိတ်မိနေသောသင်္ဘော မောင်းထွက်လာနိုင်စေရန် ပြင်သစ်၊ တရုတ်နှင့် ဩစတြေးလျ ရေခဲခွဲသင်္ဘောများက ကီလိုမီတာ ၂၀ကျော်မျှ လမ်းရှင်းပေးရန် ကြိုးပမ်းခဲ့သော်လည်း အထမမြောက်ခဲ့ကြောင်း၊ သို့ဖြစ်၍ ရဟတ်ယာဉ်အသုံးပြုကာ ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ခရစ္စတာနီက ပြောကြားသည်။

**ပီတီအိုင်။**

# အငြင်းပွားကျွန်းများအနီး မိုးပျံပူဖောင်းတစ်လုံး ပျက်ကျ စီးနင်းလာသူတရုတ်အမျိုးသားအား ဂျပန်တပ်ဖွဲ့ကယ်တင်

တိုကျို ဖန်နဝါရီ ၂

**တရုတ်အမျိုးသားတစ်ဦးသည် မိုးပျံပူဖောင်းတစ်လုံးဖြင့် ပျံသန်းလာခဲ့ရာ တရုတ်နှင့် ဂျပန်နိုင်ငံတို့ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသည့် ကျွန်းစုများ အနီးသို့ အရောက်တွင် မိုးပျံပူဖောင်း ပျက်ကျခဲ့သဖြင့် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့များက ၎င်းကို ကယ်ဆယ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။**

၎င်းအမျိုးသားသည် အရှေ့တရုတ်ပင်လယ်အတွင်းရှိ ဂျပန်နိုင်ငံက ထိန်းချုပ်ထားသော ဂျပန်ဘာသာအားဖြင့် ရှင်ကာကူ၊ တရုတ်ဘာသာအားဖြင့် ဒိုင်အိုယုကျွန်းစုများရှိရာသို့ ဦးတည်ပျံသန်းလာခြင်းဖြစ်သည်။

အသက် ၃၅နှစ်အရွယ် ဆုရှေ့ဖျန်းအမည်ရှိ စားဖိုမှူးကို အဆိုပါ ကျွန်းစုများမှ ၂မိုင်ခန့်ကွာဝေးသော ပင်လယ်ပြင်တွင် ၎င်း၏ မိုးပျံပူဖောင်းဖြင့်အတူ တွေ့ရှိခဲ့ပြီး တရုတ်ကင်းလှည့် သင်္ဘောတစ်စင်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။



အဆိုပါ တရုတ်အမျိုးသားသည် တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ်မှ စတင်ပျံသန်းလာခဲ့ခြင်းဖြစ်ပြီး ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိ ကျွန်းစုများအနက်မှ ကျွန်းတစ်ကျွန်းပေါ်သို့ ဆင်းသက်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ဆုရှေ့ဖျန်းတွေ့ရှိစဉ်က ဂျပန်ရေပိုင်နက်အတွင်းမှာ ဖြစ်သော်လည်း မူလဆင်းခဲ့သောနေရာကို အတိအကျမဆုံးဖြတ်နိုင်သဖြင့် ဖမ်းဆီးခြင်းမပြုခဲ့ကြောင်း ဂျပန်ကျိုဒိုသတင်းဌာနက ပြောကြားသည်။

ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် ပျောက်ဆုံးသွားသောမိုးပျံပူဖောင်းစီးအမျိုးသားကို ရှာဖွေပေးပါရန် တရုတ်ဘက်မှ မေတ္တာရပ်ခံချက်ရရှိခဲ့သည်ဟု ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

**ဘီဘီစီ။**

# ထိုင်းဝန်ကြီးချုပ် ယင်လပ် နုတ်ထွက်ပေးရန် အတိုက်အခံ ဒီမိုကရက်တစ်ပါတီ တောင်းဆို

**ဗန်ကောက် ဖန်နဝါရီ ၂**

ထိုင်းနိုင်ငံတွင် လတ်တလော ရင်ဆိုင်နေရသည့် နိုင်ငံရေးဆိုင်ရာ အကျပ်အတည်း ပြေလည်ရေးအတွက် မည်သည့် ဖြစ်နိုင်ဖွယ်ရာနည်းလမ်းမျိုးကိုမဆို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် အိမ်စောင့်အစိုးရဝန်ကြီးချုပ် ယင်လပ်ရှင်နာဝါ ထရာအနေဖြင့် ရာထူးမှနုတ်ထွက်ပေးရန်လိုအပ်ကြောင်း အတိုက်အခံ ဒီမိုကရက်တစ်ပါတီက ပြောကြားလိုက်သည်ဟု ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။



အရှေ့တရုတ်ပင်လယ်အတွင်းသို့ ပျက်ကျခဲ့သော မိုးပျံပူဖောင်းကို တွေ့ရစဉ်။

ထိုစဉ်အတွင်း ထိုင်းနိုင်ငံရေးပါတီများသည် နိုင်ငံရေးဖြေရှင်းချက်ရရှိရန် လျှို့ဝှက်တွေ့ဆုံ ဆွေးနွေးမှုများကို ပြုလုပ်လျက်ရှိကြသည်။

ဒီမိုကရက်တစ်ပါတီ၏ မူဝါဒရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ကဆစ်ပရီရိုမြ၏ပြောကြားချက်အရ လက်ရှိအိမ်စောင့်အစိုးရအဖွဲ့ ဝန်ကြီးချုပ် မစ္စယင်လပ်သည် ယင်းရာထူးမှမဖြစ်မနေနုတ်ထွက်ပေးရမည်ဖြစ်ပြီး ၎င်းမှာ နိုင်ငံရေးပြဿနာပြေလည်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်မည်ဟု ဆိုသည်။

ဝန်ကြီးချုပ် မစ္စယင်လပ်သည် အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်ရာထူးမှ မနုတ်ထွက်ပါက လာမည့်ထိုင်း အထွေထွေ ရွေးကောက်ပွဲတွင် ၎င်း၏ပါတီ တစ်ပါတီတည်းသာ ဝင်ရောက်ယှဉ်ပြိုင်ရမည့်အခြေအနေသို့ ရောက်ရှိစေမည်ဖြစ်သည်။ ယင်းသို့ ပြုမူခြင်းသည် ထိုင်းပြည်သူတစ်ရပ်လုံးကို စော်ကားရာရောက်မည်ဟု ဆိုသည်။

အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူများအားရဲတပ်ဖွဲ့ကအင်အားသုံး၍ အရေးယူဆောင်ရွက်ခြင်းသည်လည်း ဆန့်ကျင် ဆန္ဒပြသူများ၏ ညှိနှိုင်းလိုသောစိတ်ကိုပျက်ပြားစေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

**ပီတီအိုင်။**



# အစ္စရေးဝန်ကြီးချုပ်ဟောင်း အေရီရယ်ရှာရွန် ကျန်းမာရေးအခြေအနေ စိုးရိမ်ရ

ဂျေရုစလင် ဖန်နဝါရီ ၂

၂၀၀၆ခုနှစ်ကတည်းက သတိကင်းလွတ်ကာ မေ့မြောနေသည့် အစ္စရေးဝန်ကြီးချုပ်ဟောင်း အေရီရယ်ရှာရွန်(**ဝဲပုံ**)သည် လတ်တလောတွင် စိုးရိမ်ရသည့်အခြေအနေတွင်ရှိနေပြီး ၎င်းအသက်အန္တရာယ်အတွက် စိတ်ပူပန်စရာဖြစ်ရကြောင်း ၎င်းအား ကုသပေးလျက်ရှိသော ဆရာဝန်က ဖန်နဝါရီ ၂ရက်တွင် ပြောကြားသည်။

အသက် ၈၅နှစ်အရွယ်ရှိ ဝန်ကြီးချုပ်ဟောင်း ရှာရွန်သည် ကျောက်ကပ်အပါအဝင် ၎င်း၏ကိုယ်တွင်းအင်္ဂါများ ပျက်စီးချို့ယွင်းမှုကို ခံစားနေရကြောင်း ပါမောက္ခ ဇီရော်စတိန်းက ပြောကြားသည်။ မစ္စတာ အေရီရယ်ရှာရွန်သည် ၂၀၀၁ခုနှစ်တွင် ဝန်ကြီးချုပ်တာဝန်ကိုထမ်းဆောင်ခဲ့ပြီး ၂၀၀၅ခုနှစ်လယ်တွင် ပြင်းထန်မှုမရှိသော လေသင်တုန်းဖြတ်ရောဂါကို ခံစားခဲ့ရပြီး ၂၀၀၆ခုနှစ်တွင် ပြင်းထန်သောလေသင်တုန်းဖြတ်ရောဂါ ဖြစ်ပွားခဲ့ကာ ကာလရှည်သတိလစ်မေ့မြောခဲ့သည်။ **ဘီဘီစီ။**
















## နိုင်ငံတော်အနေဖြင့် ပြည်သူ့အကျိုးရှေးရှုပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိ

ရွှေဘို ဇန်နဝါရီ ၂

**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ရွှေဘိုစက်မှုဇုန်အတွင်းရှိ အလုပ်ရှင်၊ အလုပ်သမားများနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌လည်းကောင်း၊ ရွှေဘိုမြို့နယ်ရှိ တောင်သူ လယ်သမားများနှင့်တွေ့ဆုံပွဲကို တဂဏန်းကျေးရွာ စိုက်ပျိုးရေးစခန်း၌လည်းကောင်း ကျင်းပခဲ့သည်။**

ရှေးဦးစွာ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူ့အကျိုးရှေးရှုပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြည်သူဗဟိုပြုသည့်ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များမှ ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်၍ အလုပ်သမားများ၊ တောင်သူလယ်သမားများ၏ အဓိကလိုလားချက်များကို ထိထိမိမိနှင့်လျင်လျင်မြန်မြန်ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ မိမိတို့ဆပ်ကော်မတီအနေဖြင့် စိုက်ပျိုးရေး၊ အလုပ်အကိုင်များရရှိရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများအဆင်ပြေရေး၊ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ယခုလို တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများ၊ တောင်သူလယ်သမားများ အနေဖြင့်လည်း အခက်အခဲများ၊ လိုအပ်မှုများရှိပါက ဆွေးနွေးပေးစေလိုကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာကြသော တဂဏန်းကျေးရွာရှိ တောင်သူလယ်သမားကိုယ်စားလှယ်များက စပါးစိုက်ခင်းများတွင် ဆစ်ပိုးကျရောက်၍ ဆေးဝါးနည်းပညာ ကူညီဆောင်ရွက်ပေးရေး၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့်ရောင်းချပံ့ပိုးကူညီရေး၊ ဓာတ်မြေဩဇာများ လုံလောက်စွာ ရောင်းချပေးရေး၊ ဆစ်ပိုးကြောင့် ပျက်စီးသွားသော စပါးစိုက်ခင်းများမှ စပါးအထွက်နှုန်းနည်းပါးခဲ့သည့်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို သက်တမ်းတိုးပေးရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြမှုများကို ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ချက်ချင်းလက်ငင်း ဆောင်ရွက်ပေးရမည့်အပိုင်း၊ သက်ဆိုင်ရာဌာနများ၊ သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်အပိုင်းနှင့် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီသို့ ဆက်လက်တင်ပြပေးရမည့် အပိုင်းဟူ၍ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးက ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

တွေ့ဆုံပွဲအခမ်းအနားများတွင် ရွှေဘိုစက်မှုဇုန်အတွင်းရှိအလုပ်ရှင်၊ အလုပ်သမားပေါင်း ၄၂၀ နှင့် ရွှေဘိုမြို့နယ်ရှိ တောင်သူလယ်သမားကိုယ်စားလှယ်ပေါင်း ၃၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ထပ်ဆင့်ဂုဏ်ပြု ညစာစားပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ထပ်ဆင့်ဂုဏ်ပြု ညစာစားပွဲကို ယနေ့ည ၇ နာရီတွင် တာမွေမြို့နယ်ရှိ Sky Star Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ အကယ်ဒမီဆု ရရှိသူ ကိုးဦးအား မင်္ဂလာကုမ္ပဏီလီမိတက်မှ ကျပ် ၂၇ သိန်း၊ ရွှေတောင်ကုမ္ပဏီလီမိတက်မှ ကျပ် ၃၆ သိန်း၊ ဆင်ကိုးကောင်ဖိနပ်မှ ကျပ် ၁၈ သိန်းနှင့် Clover Solution ကုမ္ပဏီက ကျပ် ၂၇ သိန်း လှူဒါန်းကြရာမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက လက်ခံရယူသည်။



ယင်းနောက် “ဥ” ဇာတ်ကားဖြင့် အကောင်းဆုံး ဒါရိုက်တာဆုရရှိသူ ကိုဇော်(အရုဏ်ဦး) အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက လည်းကောင်း၊ “လက်ပံ” ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရရှိသူ ပြေတီဦးအား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး**(အပေါ်ယာပုံ)**ကလည်းကောင်း၊ “လက်ပံ”ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိသူ ဖွေးဖွေးအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးစိန်တင်ကလည်းကောင်း၊ “ဥ”ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုရရှိသူ ချောရတနာအား အကယ်ဒမီဦးညွန့်ဝင်းကလည်းကောင်း၊ “ကယန်းအလှ”ဇာတ်ကားဖြင့် အကောင်းဆုံး ဓာတ်ပုံဆုရရှိသူ အောင်ကိုလတ်အား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်မြင့်မြတ်က လည်းကောင်း၊ “ဥ”ဇာတ်ကားဖြင့် အကောင်းဆုံးတည်းဖြတ်ဆုရရှိသူ အကယ်ဒမီများရှင် ဦးဇော်မင်း(ဟံသာမြေ)အား ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီဦးကြည်စိုးထွန်းကလည်းကောင်း၊ “မွေခံထိုက်သူဖြစ်ပါစေ” ဇာတ်ကားဖြင့် အကောင်းဆုံး တေးဂီတဆုရရှိသူ ဝင်းကို(ဂီတမှူး) အား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးနှင်းမိုးကလည်းကောင်း၊ “ကယန်းအလှ” ဇာတ်ကားဖြင့် အကောင်းဆုံးအသံထူးချွန်ဆုရရှိသူ အကယ်ဒမီဦးတိုနီ(လင်း)အား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ရုပ်ရှင်သရုပ်ဆောင်ဦးအောင်လွင်က လည်းကောင်း၊ “တိမ်မင်းသမီးရဲ့ ဒဏ္ဍာရီ”ဇာတ်ကားဖြင့် အကောင်းဆုံး ကလေးသရုပ်ဆောင်ဆု ရရှိသူ ယွန်းယွန်းအား ရုပ်ရှင်သရုပ်ဆောင် ဦးဇင်ဝိုင်းကလည်းကောင်း အသီးသီး ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ထို့နောက် ထူးချွန်ဆုရရှိသူများကိုယ်စား ထပ်ဆင့်အကယ်ဒမီ ပြေတီဦးက ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းနှင့် Sky Net မီဒီယာမှ President ဒေါ်နန်းမောင်လောဝ်ဆိုင်းတို့က မုဒိတာ စကားပြောကြားကြသည်။

ဆက်လက်၍ အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံပြီး ရုပ်ရှင်ဗီဒီယို သရုပ်ဆောင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

**(သတင်းစဉ်)**

## နဝမအကြိမ် လွှတ်တော်အစည်းအဝေးများတွင် အတည်ပြုနိုင်ရန် လွှတ်တော်ဥပဒေကြမ်းကော်မတီစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်တို့၏ နဝမပုံမှန်အစည်းအဝေးများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ လွှတ်တော်အသီးသီး၏ ဥပဒေကြမ်း ကော်မတီများသည် လုပ်ငန်းများ စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီ အစည်းအဝေးများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ စတင်ကျင်းပပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အစည်းအဝေးများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် စတင်သွားမည်ဖြစ်သည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် စတင်မည်ဖြစ်ရာ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ အတွင်းရေးမှူး ဦးစောလှထွန်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပေးပို့လာသော အထူးစီးပွားရေးဇုန်ဥပဒေကြမ်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဆိုင်ရာဥပဒေကြမ်းနှင့် နိုင်ငံတော်သမ္မတကပေးပို့လာသော သဝဏ်လွှာတို့ကို ကြိုတင်လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**









## (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

# လွတ်လပ်ရေး၏ အနှစ်သာရ

အောင်ကျော်ညို (ဆင်ချဆိပ်)

“ကုန်လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ ကျွန်တော်တို့မြန်မာ့လူ့အဖွဲ့အစည်း အဓိကရရှိခဲ့တဲ့ နိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုကတော့ မတူညီတဲ့နိုင်ငံရေး အင်အားစုတွေ အချင်းချင်းကြားမှာ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းများကို ရှောင်ရှားနိုင်ခဲ့ပြီး ကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုတွေကို ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းနဲ့ ကြိုးပမ်းဖြေရှင်းနိုင်ခဲ့ခြင်းဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ကို အသက်ဝင်ရှင်သန်စေခဲ့ခြင်းဖြစ်ပါတယ်”။ ၂၀၁၄ ခုနှစ် နှစ်ဆန်းမင်္ဂလာရက်မြတ်တွင် တစ်မျိုးသားလုံး မျှော်လင့်စောင့်စားနေလာခဲ့ရသည့် အဖြေတစ်ရပ်ကို နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့ခြင်းဖြစ်ပါသည်။

မိမိတို့နိုင်ငံလွတ်လပ်ရေးရလာခဲ့သည်မှာ ၆၆ နှစ်ရှိခဲ့ပါပြီ။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည့်နေ့မှစ၍ တစ်နိုင်ငံလုံး သေနတ်သံ၊ ငိုယိုသံမစဲရှိနေခဲ့သည်။ လွတ်လပ်ရေးကို တိုက်ယူခဲ့ကြ၍လားမသိ။ တိုက်ချင်ခိုက်ချင်ကြသည့်စိတ်က လွတ်လပ်ရေးရပြီးလည်း အတောမသတ်နိုင်ရှိနေခဲ့ကြသည်။ အယူဝါဒမတူကြ၍ တိုက်ကြခိုက်ကြသည်။ လူမျိုးစုအချင်းချင်း ယုံကြည်မှုမတည်ဆောက်နိုင်ခဲ့ကြ၍ တိုက်ကြခိုက်ကြသည်။ တိုက်ပွဲသံသရာရှည်ကြာခဲ့ပါသည်။ ထိုထိုသောတိုက်ပွဲများ၏ ဆိုးပြစ်ဒဏ်ကို ခံကြရသူများမှာ မိမိတို့ပြည်သူများသာဖြစ်သည်။ အထူးသဖြင့် မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများက ခါးစည်းခံခဲ့ကြရသည်။

“ယာလည်းညက်စေ၊ ကြက်လည်းမောစေ”ဆိုစကားရှိသည်။ အနီးအပါးမှ စောင့်ကြည့်အခွင့်အရေးအတွက် အသင့်ရှိနေကြသူများရှိသည်။ သို့သော် လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်က အခြေအနေနှင့် မတူပြီဆိုသည်ကို သူတို့သိနေကြသည်။ မိမိတို့၏အရှင်သခင် သီပေါဘုရင်ကိုလွယ်လင့်တကူ ဖမ်းဆီးကာ တစ်တိုင်းပြည်လုံးကို သိမ်းကျုံးကျွန်ဇာတ်သွင်းနိုင်ခဲ့ငြားလည်း လက်ရှိမှာ ထိုသို့လုပ်ယူ၍ မရနိုင်မှန်း သူတို့သိထားကြသည်။ ထိုသို့ လွယ်လင့်တကူ မရနိုင်သည့်အကြောင်းအရင်းမှာ မိမိတို့နိုင်ငံတွင် ခိုင်မာတောင့်တင်းသော မျိုးချစ်အင်အားစုတစ်ရပ်က အခိုင်အမာရှိနေပြီးဖြစ်သည်။ ဤသည်လည်း လွတ်လပ်ရေး၏ အနှစ်သာရတစ်ရပ်ဖြစ်ပါသည်။ သီပေါဘုရင်ကို ဖမ်းဆီးကာ နိုင်ငံကိုကျွန်ပြုနိုင်ခဲ့တုန်းက မိမိတို့နိုင်ငံတွင် ခေတ်မီတပ်မတော်တစ်ရပ်မရှိခဲ့ပါ။ မျိုးချစ်စိတ်ရှိငြားလည်း ခေတ်မီလက်နက်နှင့် ခေတ်မီစစ်ရေးနည်းပညာ အားနည်းချက်ကြောင့် မိမိတို့ “အားမတန်မာန်လျှော့”ကာ အံကြိတ်တောင့်ခံခဲ့ကြရသည်။

ယခုထိုသို့ လွယ်လင့်တကူလုပ်၍ မရနိုင်ပြီ။ မိမိတို့နိုင်ငံတွင် အဘက်ဘက်က ပြည့်စုံသော ခေတ်မီတပ်မတော်တစ်ခုရှိနေပြီ။ လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာခဲ့သောတပ်မတော်။ နယ်ချဲ့ကိုလည်း တိုက်ထုတ်ခဲ့သည်။ ဖက်ဆစ်ကိုလည်း တွန်းလှန်ခဲ့သည်။ ပြည်တွင်းစစ်ကိုလည်း ထိန်းသိမ်းပေးနိုင်ခဲ့သည်။ စစ်မြေပြင်တိုက်ပွဲပေါင်းများစွာက တပ်မတော်ကို ကြံ့ခိုင်စေခဲ့သည်။ စစ်ရေးစွမ်းရည်ကို မြင့်တက်စေခဲ့သည်။ တစ်နိုင်ငံလုံးကို လွှမ်းခြုံလုံခြုံမှုပေးနိုင်ခဲ့သည်။ ပြည်တွင်းမှာ မငြိမ်းမချမ်းရှိနေခဲ့လည်း ပြင်ပမှ ကျူးကျော်မှုမျိုး မရှိနိုင်ခဲ့သည်မှာ ခြံစည်းရိုးပမာ ခိုင်ခံ့သည့် တပ်မတော်၏စွမ်းရည်သတ္တိကြောင့်ဖြစ်သည်။ ငြင်း၍မရနိုင်သော သမိုင်းအထောက်အထားတစ်ရပ်ဖြစ်ပါသည်။

၂၀၁၄ နှစ်ဆန်းမှာ မင်္ဂလာစကားကို နိုင်ငံတော်သမ္မတကြီး မိန့်ဆိုနိုင်ခဲ့ပါပြီ။ အချင်းချင်းတိုက်ကြခိုက်ကြ၊ သတ်ကြဖြတ်ကြနှင့် ကြုံနေရသည့် ဒုက္ခမျိုးစုံကို ပြည်သူတို့ ညည်းညူနေကြပါပြီ။ ဖွံ့ဖြိုးမှုအစစ နောက်ကျကျန်ခဲ့ရသည်မှာလည်း ဤအားနည်းချက်ကြောင့်ဖြစ်သည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက် နှစ်ပရိစ္ဆေဒကြာ နေလာခဲ့ကြသော မိမိတို့ညီအစ်ကိုမောင်နှမများကြားမှာ အဓိကအားနည်းချက်သည် တစ်မျိုးနှင့်တစ်မျိုး“ယုံကြည်မှု”အားနည်းကြခြင်း။ နှစ်ပေါင်း ၁၀၀ ကျော်ကျွန်ပြုခံခဲ့ရမှု၏ အကျိုးဆက်၊ ခွဲခြားဆက်ဆံခံခဲ့ရမှု၏ ရလဒ်ဆိုး၊ သွေးခွဲအုပ်ချုပ်ခံခဲ့ရသည့်ဒဏ်ကို မိမိတို့ ယနေ့တိုင် ခါးစည်းခံနေကြရဆဲပါ။

“ယုံကြည်မှု” မတည်ဆောက်နိုင်သောအခါ သံသယပေါင်းစုံ ဝင်ရောက်လာခဲ့သည်။ ဤသည်ပင် အချင်းချင်းတိုက်ကြခိုက်ကြရခြင်း၏ အကြောင်းရင်း။ ဤအကြောင်းရင်းကို ရှင်းနိုင်မှသာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေး အနှစ်သာရ ပီပြင်လာနိုင်မည်ဖြစ်သည်။

ပြဿနာတစ်ရပ်ကို ဦးစွာ နိုင်ငံရေးအရ အဖြေရှာ ဖြေရှင်းကြရသည်။ မရနိုင်သည့်အဆုံးမှာ စစ်ရေးက ပါလာသည်။ ပြဿနာ၏ ဖြေရှင်းနည်းနှစ်မျိုး၊ အနိုင်၊ အရှုံးကို ဆုံးဖြတ်နိုင်သည်ဆိုငြားလည်း ရရှိလာသည့် အကျိုးအမြတ်မှာ မိုးနှင့်မြေပမာ ကွာခြားလွန်းပါသည်။ စစ်ရေးဝင်ပါလာပြီဆိုပါလျှင် မဆုံးနိုင်သော နာကြည်းချက်၊ ခံစားချက်များက တိုးပြီးရင်းတိုးလာခဲ့ရသည်။ လက်ရှိကမ္ဘာ့မြေပေါ်မှ အဆုံးမသတ်နိုင်ဖြစ်နေသော ပြည်တွင်းစစ်များက မီးမောင်းထိုးပြနေသည်။

မိမိတို့နိုင်ငံဖြစ်စဉ်များတွင် ဆွေးနွေးညှိနှိုင်းအဖြေရှာမှုများနှင့် နှစ်ဦးနှစ်ဖက်အတွက် တစ်နည်း မိမိတို့နိုင်ငံအတွက် ‘မျှခြေ’ တစ်ခုကိုမရှာနိုင်ခဲ့ကြ။ အတ္တကိုရှေ့တန်းတင်မှုများကြောင့် ယုံကြည်မှုကိုမတည်ဆောက်နိုင်ဘဲ သံသယနွံထဲမှာ တိုက်ကြခိုက်ကြနှင့် ရုန်းမထွက်နိုင်ဘဲ နှစ်ပေါင်း (၆၀)ကျော်လာခဲ့ရသည်။

လွတ်လပ်ရေးရပြီးစ ဒီမိုကရေစီစနစ်နှင့်အစပြုခဲ့သည်။ နောက်ပိုင်း တပ်မတော်မှတာဝန်ယူသည့် နှစ်ပေါင်းကြာခဲ့သည်။ ယခုတစ်ဖန်ဒီမိုကရေစီနှင့် လမ်းကြောင်းမှန်ပေါ်ပြန်ရောက်လာခဲ့ပါပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေသုံးကြိမ် ပြောင်းလဲကျင့်သုံးခဲ့ပြီးလည်းဖြစ်ပါသည်။ အဦးအစ ဒီမိုကရေစီစနစ်။ တပ်မတော် အုပ်ချုပ်ရေးစနစ်များ၏ အားနည်းချက်၊ အားသာချက်များသည် လက်ရှိပွင့်လင်းလူ့အဖွဲ့အစည်းအတွက် ကြီးမားစွာအထောက်အကူဖြစ်စေမည်အမှန် ဖြစ်ပါသည်။

“ယခင်က အချင်းချင်းကြားမှာရှိခဲ့တဲ့ သံသယကြီးမှုတွေ၊ မယုံကြည်မှုတွေကို လျှော့ချနိုင်ခဲ့ခြင်းသည်ပင်လျှင် ကျွန်တော်တို့အားလုံး ကြိုးစားဖော်ဆောင်နေကြတဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ရဲ့ အောင်မြင်မှုမှတ်တိုင်များအဖြစ် သက်သေထူနေတယ်လို့ နားလည်လက်ခံထားကြရမှာဖြစ်ပါတယ်” ဟု နှစ်သစ်မှာ ဝမ်းပန်းတသာမိန့်ကြားခဲ့သည့် နိုင်ငံတော်သမ္မတကြီး၏ နှစ်ထောင်းအားရဖြစ်ဖွယ်မိန့်ကြားချက်သည် နှစ်ပေါင်း(၆၀) ကျော် အမုန်းပွားသံသယများကို လပေါင်း ၃၀ နှင့်ရယူကာ ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သည့် သမိုင်းမှတ်တိုင်တစ်ခုလည်းဖြစ်ပါသည်။ လက်နက်တွေကို ဘေးချ၊ လက်ဆွဲနှုတ်ဆက်နွေးထွေးမှုရှိလာနိုင်ခဲ့ကြပါပြီ။ မိမိတို့နိုင်ငံသားအားလုံး၏ အောင်ပွဲလည်းဖြစ်ပါသည်။

လက်ရှိရယူနိုင်ခဲ့သည့် ယုံကြည်မှု၊ ကြိုးစားဖော်ဆောင်နိုင်ခဲ့ကြသည့် “ နိုင်ငံရေးယဉ်ကျေးမှုသစ်” တစ်ရပ်ဟူသည် နိုင်ငံဖွံ့ဖြိုးတိုးတက်လာစေမည့် နိမိတ်ကောင်းတစ်ရပ်ဖြစ်သလို မိမိတို့ရယူခဲ့ပြီး “လွတ်လပ်ရေး၏အနှစ်သာရ” တစ်ရပ်လည်းဖြစ်ပါသည်။

သံသယပျောက်၊ အမှန်ဘဝရောက်ကာ ဆုပ်ထားခဲ့သော လက်သီးများကို ယုံကြည်မှုနှင့်ဖြေလျှော့လျက် နွေးထွေးစွာလက်ချင်းချိတ်ဆက်ပြီးလျှင် နိုင်ငံတော်သစ်ကို တက်ညီလက်ညီ ပူးပေါင်းတည်ဆောက်သွားကြပါစို့ဟု (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

## ထာဝစဉ်လန်းဆန်း . . . လွတ်လပ်ရေးပန်း

❖ ခြောက်ဆယ့်ခြောက်နှစ်၊ ဂန္ဓဝင်ဖြစ်ခဲ့
တို့ရဲ့မြန်ပြည်၊ လွတ်လပ်အမွေပန်း
အစဉ်လန်းဆန်း ညှိုးမနွမ်း။

❖ ဗိုလ်ချုပ်အောင်ဆန်း၊ စစ်ရည်စွမ်းနှင့်
ကြိုးပမ်းအားထုတ်၊ ဖက်ဆစ်ယုတ်နှင့်
မျိုးယုတ်နယ်ချဲ့၊ တိုက်ထုတ်ခဲ့တာ
ကမ္ဘာလည်းသိ မြန်မာသိ။

❖ တို့မြေတို့ရေ၊ မထိလေနှင့်
တို့ပြည်တို့သား၊ မစော်ကားနှင့်
ရှိထားသတ္တိ၊ အမျိုးထိရင်
မချီအောင်နာ တို့မြန်မာ။
“သခင်မျိုးဟေ့”၊ ကြွေးကြော်မွေ့ခဲ့
ယနေ့ထက်တိုင်၊ မမေ့နိုင်ဘူး
ဆွဲကိုင်ရှိုက်နမ်း၊ လွတ်လပ်ပန်းကို
ကြိုးပမ်းကာကွယ်၊ စောင့်ရှောက်မယ်ဟု
ရင်ဝယ်ကတိ၊ သစ္စာရှိစွာ
နေ့မဟာမှာ၊ ကဗျာသီကုံး
စာစီကုံးပြီး၊ ကမ္ပည်းမော်ကွန်း
ဆောက်တည်သွန်းထု၊ ဓိဋ္ဌာန်ပြုသည်
ပံသုပထဝီသက်သေတည်း။ ။
(၆၆ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

ကျော်ဝင်းသက်

## ကျေးလက်ဒေသဖွံ့ဖြိုးရေး အများသုံးသောက်သုံးရေကန်ဖွင့်

ငဖဲ ဇန်နဝါရီ ၂

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငဖဲမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သိန်း ၂၀ ဖြင့် ဆောင်ရွက်သည့် ရေဂါလန် ၂၅၀၀ ဆံ့ (၁၂ပေ×၆ပေ×၅ပေ ၆ လက်မ)ရှိ အများသုံးသောက်သုံးရေကန်ဖွင့်ပွဲကို ငဖဲမြို့နယ် မင်းလွင်ကျေးရွာအုပ်စု ဝက်ဘာကျေးရွာသောက်သုံးရေကန်တည်ဆောက်ထားသည့် မြေနေရာ၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

# ဖြူစင်စိုက်ရိုနှလုံးသားဖြင့် ဝင့်ကြွားနိုင်သူများ

**ခင်မောင်ငွေ(ပညာရေး)**

စာရေးသူအဖွဲ့ဝင်အဖြစ်ပါဝင်ထားသည့် လူမှုကူညီမှုအသင်း (သဃ်န်းကျွန်း)သို့ မရောက်ဖြစ်သည်မှာ လေး၊ ငါးပတ်ပင်ရှိသွား၏။ ယခု တစ်ပတ်တွင် အလုပ်ကြားမှပင် အပြေးအလွှားရောက်သွား၏၊ နံနက်စောစော ရောက်လေ့ရှိသည့် အသင်းဥက္ကဋ္ဌလည်း ရောက်ရှိနေသည်ကိုတွေ့ရ၏။

ယင်းလူမှုကူညီရေးအသင်းမှာ ဖွဲ့စည်းထားသည့်ကာလအားဖြင့် နှစ်နှစ်ပင် မပြည့်သေး။ နာရေးအပါအဝင် လူမှုကူညီစောင့်ရှောက်မှုလုပ်ငန်းများတွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်လာနိုင်သည်ကို တွေ့ရ၏။ အထူးသဖြင့် စာရေးသူမရောက်ဖြစ်သည့် လေး၊ ငါးပတ်အတွင်း သိသိသာသာကြီးပင် ထူးခြားတိုးတက်နေသည်ကို တွေ့ရ၏။

ဥက္ကဋ္ဌနှင့် စကားပြောဖြစ်ရာ မျက်နှာစိမ်းလူငယ်မောင်မယ်သစ်များကို အတော်များများတွေ့ရကြောင်းပြောပြရာ ဥက္ကဋ္ဌဖြစ်သူက ပြုံးတုံးတုံးကြီး လုပ်နေ၏။ စာရေးသူနှင့် ဥက္ကဋ္ဌတို့ထိုင်၍ စကားစမြည်ပြောနေသော်လည်း ရုံးအဖွဲ့နှင့် လူငယ်များမှာ ဝင်ချည်ထွက်ချည်ဖြင့်အလုပ်များနေကြ၏။ လမ်းကြောင်းရှိသူ (Body သယ်သူ) များ ကိုယ်စီကိုယ်စီထွက်သွားကြ၏။ ရုံးအဖွဲ့ကား ဖုန်းနှစ်လုံးဖြင့် လက်မလည်။

အသင်းစတင်ဖွဲ့စည်းစကဆိုလျှင် အသင်းဝင်ဦးရေလည်း နည်းလှသေး၏။ ယခုဆိုလျှင် အသင်းဝင် ၅၀၀ ကျော်ရှိလေပြီ။ အထူးအားတက်မိသည်မှာ လူငယ်လူရွယ်ခေတ်ပညာတတ်ကလေးများ ပါဝင်လာကြခြင်းပင်ဖြစ်သည်။ လမ်းကြောင်းမှာလည်း ယခင်ကနှစ်ကြောင်း၊ သုံးကြောင်းခန့်သာ ဝန်ဆောင်မှုပေးနိုင်သော်လည်း ယခုဆိုလျှင် ဆယ်ဂဏန်းနီးနီးပင် နေ့စဉ်ပို့ဆောင်ပေးနိုင်သည်ကိုတွေ့ရ၏။ ယာဉ်စီးရေမှာလည်း အသင်းဥက္ကဋ္ဌလှူဒါန်းထားသည့် ယာဉ်နှစ်စီးသာရှိရာမှ ယခုဆိုလျှင် စီးရေခြောက်စီးပင် ဖြစ်နေလေပြီ။

အသင်းဥက္ကဋ္ဌက "လူငယ်တွေအများကြီး ပါလာတာကို သိပ်သဘောကျတယ်ဗျ၊ သူတို့လေးတွေကို ကျွန်တော်တို့ လက်တွဲခေါ်ရမယ်၊ သင်ကြားပြသပေးရမယ်၊ သူတို့ရင်ထဲမှာရှိတဲ့ ပရဟိတစိတ်ကလေးတွေကို ဒီထက်မြေတောင်မြှောက်ပေးရမယ်၊ ပြီးရင်နေရာပေးရမယ်ဗျ၊ ကျုပ်တို့တစ်သက်လုံး ဘယ်လုပ်နိုင်မလဲဗျာ"ဟု ပြောဆိုသံကိုလည်း ကြားရ၏။

မှန်သည်၊ လူငယ်ကလေးများကို မြင်ရသည်မှာ လူငယ်တို့၏သဘာဝအတိုင်း လှုပ်ရှားတက်ကြွနေသည်။ စွန့်လွှတ်စွန့်စားအနစ်နာခံလိုသည့် စိတ်ဓာတ်များ၊ စာနာလှူဒါန်းလိုသည့် စိတ်ကောင်းစေတနာကောင်းများကိုလည်း အမှတ်ထင်ထင်တွေ့မြင်လိုက်ရ၏။

ထိုနေ့က ကူညီပို့ဆောင်ရမည့်လမ်းကြောင်းတစ်ခုမှာ ကလေးအရွယ်ဖြစ်သည်။ အလွန်ပင်နွမ်းပါးလှသည်ကိုလည်း သိလိုက်ရ၏။ ထိုအကြောင်းကြားလိုက်သည်နှင့် သက်ဆိုင်ရာကော်မတီတာဝန်ခံမှာ ပျာလောင်ခတ်သွား၏။ အသင်း ဥက္ကဋ္ဌမှာလည်း ထိုင်ရာမှ ငေါက်ခနဲမတ်တတ်ထလိုက်၏။ ဖုန်းကိုင်နေသည့် တာဝန်ခံကိုမေး၏။ တာဝန်ခံကလည်း အဆင်ပြေအောင်စီစဉ်နေကြောင်း၊ ရပါကြောင်းပြောနေ၏။ အသင်းဥက္ကဋ္ဌက ပိုက်ဆံထုတ်ပေးရန်ပြင်နေ၏။ အဆင်ပြေကြောင်းပြောသော်လည်း မရ။ ယင်းကလေးငယ်အတွက် အသင်းဥက္ကဋ္ဌမှ ဈေးဦးပေါက် ကျပ်ငွေ သုံးသောင်းထည့်ဝင်လိုက်ရာ အသင်းသူအသင်းသားများကလည်း တစ်ထောင်၊ နှစ်ထောင်တန်သည် ထည့်ဝင်လိုက်ရာ အခမဲ့ပို့ဆောင်ပေးနိုင်ခဲ့သည့်အပြင် ဆုံးပါးသွားသည့် ကလေးရှင်၏မိဘများသို့ အတန်အသင့်သုံးစွဲနိုင်လောက်အောင် လက်ထဲသို့ထည့်နိုင်ခဲ့ကြသည်။ လုပ်အားအလှူသာမက ငွေကြေးအလှူကိုလည်း မတွန့်တိုခဲ့ကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရ၏။ (ဤနေရာတွင် အသင်းဥက္ကဋ္ဌအနေဖြင့် အသင်းသူ၊ အသင်းသားများကို ငွေများပုံအောလှူခြင်းကို ထိန်း၍ပေး၏။ အကြောင်းမှာ ဤသို့နွမ်းပါးသူများမှာ တစ်ဦးတလေသာရှိသည်မဟုတ်၊ မကြာခဏကြုံတတ်ရာ မိမိတတ်နိုင်သလောက် လက်ကုန်မဟုတ်ဘဲ အရှည်သဖြင့် မျှ၍လှူဒါန်းနိုင်ရန် သဘောဖြစ်၏။ ဤကား စကားချပ်)

လူ့လောကအတွင်းနေထိုင်ကြသော လူသားတိုင်းသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် အို၊ နာ၊ သေဘေးမှ ပြေး၍ လွတ်နိုင်ကြမည်မဟုတ်။ လူသားတိုင်း မလွဲမသွေ တွေ့ကြုံရမည်မှာ အနိစ္စသဘောသာဖြစ်သည်။ အတွေးအမြင်တိုးတက်သည့် ခေတ်ကြီးတွင် ရှေးရိုးအယူအဆဟောင်းများဖြစ်သည့် လမ်းနာသည်၊ ရပ်ကွက်နာသည်ဆိုသည့် အယူအဆ၊ အစွဲအလမ်းဟောင်းများကို ပယ်ဖျောက်ကြဖို့လိုပြီ။ မည်သို့သော အိုးအိမ်တိုက်တာမျိုးပင်ဖြစ်စေကာမူ ယခုမကြုံသေးလျှင် တစ်နေ့မဟုတ်တစ်နေ့ ကြုံကြရမည်သာဖြစ်သည်။

စင်စစ်သောကမီးနှင့် လက်တွေ့ရင်ဆိုင်နေရသည့် မိသားစုများအတွက် ကူညီမှု၊ စာနာမှု၊ အားပေးမှုတို့သည် အရေးအကြီးဆုံးသော ဖြေသိမ့်ပေးနိုင်မှုသာဖြစ်ပါသည်။ ယင်းကဲ့သို့သော အမှုအလုပ်များကို ယနေ့လူငယ်မောင်မယ်များ စိတ်ဝင်စားနေသည်ကို တွေ့ရသောအခါ အားရကျေနပ်မိသည်။ ပရဟိတစိတ်သည် မွန်မြတ်သော လူမှုရေး အကျိုးပြုလုပ်ငန်းအဖြစ် သိမြင်လာခြင်းသည် လူ့အဖွဲ့အစည်းအတွင်း အပေါင်းလက္ခဏာများပင်ဖြစ်သည်။

ဆိုရလျှင် ကျေးလက်မှသည် မြို့ပြအထိ လူနေမှုစနစ်များပြောင်းလဲလာသကဲ့သို့ လူဦးရေသိပ်သည်းဆမှာလည်း တိုးပွားလာနေသည်သာဖြစ်သည်။ လူသားတို့နေ့စဉ်ကြုံတွေ့နေရသည့် လိုအပ်ချက်များ၊ လူမှုဒုက္ခများမှာလည်း ပြည့်စုံပြီးမြောက်သည်ဟူ၍မရှိနိုင်။ အသင်းအပင်း၊ အဖွဲ့အစည်းများကလည်း တိုးတက်လာနေ၏။ ယင်းတို့က လိုအပ်နေသော သာမှု၊ နာမှုစသည့် လူမှုရေးရာများကို နယ်မြေဒေသအလိုက်သော်လည်းကောင်း၊ မြို့နယ်/တိုင်းဒေသကြီး/ပြည်နယ်အတွင်း၌သော်လည်းကောင်း တစ်ပိုင်တစ်နိုင်ဝန်ဆောင်မှုပေးလာနိုင်ကြသည်ကို တွေ့ရ၏။ မျှဝေတာဝန်ယူလာကြခြင်းဖြင့် အခက်အခဲကြုံတွေ့နေရသူများအတွက် အချိန်အခါမီ စိတ်နှလုံးအေးချမ်းဖွယ်ရာ ကူညီစွမ်းဆောင် ဖြည့်ဆည်းမှုများကို လက်တွေ့ခံစားလာကြရသည်ကို တွေ့ရပေသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတကြီးက ခေတ်သစ်စနစ်သစ်ပြောင်းရာတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ (Civil Society)သည် ပြည်သူလူထု၏ အားကိုးယုံကြည်မှုကို များစွာရကြသူများဖြစ်ကြောင်း၊ ဤသို့သောအရပ်ဘက် လူ့အဖွဲ့အစည်းများ (Civil Society)များပြားစွာ လိုအပ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ဤသို့ အရပ်ဘက် လူ့အဖွဲ့အစည်းများ (Civil Society) များပြားစွာ ပေါ်ပေါက်လာသကဲ့သို့ မွန်မြတ်သော ပရဟိတစိတ်ဖြင့် ယင်းသို့သော အဖွဲ့အစည်းအသီးသီးတွင် လုပ်အားဒါနပေးလှူကြသည့် လူကြီး၊ လူငယ်အပေါင်းတို့မှာ လူ့ဘောင်လောကအား ဖြူစင်စိုက်ရိုနှလုံးသားဖြင့် ဝင့်ကြွားနေနိုင်ကြသူများသာဖြစ်ပါကြောင်း။ ။



## ပျဉ်းမနားမြို့ စက်ရုံကျောင်းတိုက်ဘုန်းတော်ကြီးသင်မူလတန်းကျောင်း ကျောင်းသား ကျောင်းသူများအတွက် အနွေးထည်များလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ယဉ်ကျေးမှုနှင့် လူမှုရေး လုပ်ငန်း အဖွဲ့ခေါင်းဆောင် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဆွေမြင့်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် နေပြည်တော် ပျဉ်းမနားမြို့ စက်ရုံကျောင်းတိုက် ဘုန်းတော်ကြီးသင် မူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၈၄ ဦးအတွက် အနွေးထည်များကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။(အပေါ်ပုံ) **(သတင်းစဉ်)**

## မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲ(နေပြည်တော်)ဖွင့်လှစ်

**ပျဉ်းမနား ဇန်နဝါရီ ၂**

မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲ (နေပြည်တော်)ဖွင့်လှစ်သည့် အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီခွဲက ရုံးခွဲတည်ရာ ပျဉ်းမနားမြို့ ရန်အောင်(၁) ရပ်ကွက်ရှိ မြန်မာနိုင်ငံသတင်းတပ်ဖွဲ့ရုံး (နေပြည်တော်အမှတ်(၁)တပ်ဖွဲ့ခွဲရုံး ပျဉ်းမနား)တွင် ကျင်းပခဲ့သည်။

ရုံးခွဲသစ်ဖွင့်လှစ်ပွဲကို မြန်မာနိုင်ငံသတင်းတပ်ဖွဲ့ရုံး အမှတ်(၁) တပ်ဖွဲ့ခွဲရုံး ပျဉ်းမနား၏ ဒုတပ်ဖွဲ့ခွဲမှူးရဲမှူးသိန်းအောင်နှင့် ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးခွဲ (နေပြည်တော်) ရုံးတွင် နိုင်ငံကူးလက်မှတ် လျှောက်ထားသူများအား မြန်မာ့စီးပွားရေးဘဏ် (မနလစာအုပ်ဖိုး) ကျပ် ၁၉၀၀၀၊ Online ဝန်ဆောင်ခ ကျပ် ၁၀၀၀၊ ဓာတ်ပုံဖိုး ငွေကျပ် ၂၀၀၀၊ ဆေးဖိုး မင်ဖိုးနှင့် ပြုလုပ်ထိန်းသိမ်းခ ငွေကျပ် ၁၀၀၀၊ လျှောက်လွှာပုံစံခ ငွေကျပ် ၂၀၀၊ စက်ပစ္စည်းနှင့် ဝန်ဆောင်ခ ငွေကျပ် ၁၈၀၀ စုစုပေါင်း ငွေကျပ် ၂၅၀၀၀ ကုန်ကျမည်ဖြစ်ပြီး မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် အိမ်ထောင်စုစာရင်းပုံစံ - ၆၆ မူရင်း ပါရှိရမည်ဖြစ်ကြောင်းနှင့် စတင်ပြုလုပ်သည့်နေ့မှ ၁၀ ရက်အတွင်း အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ၂၀၁၄ခုနှစ်၊ မတ်လ ၂ ရက်တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံပြိုင်ပွဲကြေညာချက်

၁။ အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးအတွက် ရည်ရွယ်၍ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။

| | |
|---|---|
| ကျင်းပမည့်နေ့ရက် | - ၂၀၁၄ခုနှစ်၊ မတ်လ ၂ ရက် (တောင်သူလယ်သမားနေ့) |
| ကျင်းပမည့်နေရာ | - စက်စက်ယိုအဆင့်မြင့် ဧက(၉၀၀)စံပြစိုက်ကွင်း နေပြည်တော် |

၂။ သီးနှံအလိုက်ပြိုင်ပွဲဆုရရှိသူများကို

| | |
|---|---|
| ပထမဆု | ကျပ်(၁)သိန်း |
| ဒုတိယဆု | ကျပ်(၇)သောင်း |
| တတိယဆု | ကျပ်(၃)သောင်း ချီးမြှင့်ပါမည်။ |

၃။ နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်(၈)မြို့နယ်မှ ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်သူမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

၄။ ယှဉ်ပြိုင်မည့်ပုဂ္ဂိုလ်များသည် မိမိစိုက်ခင်းနှင့်အတူ မှတ်တမ်းဓာတ်ပုံကြိုတင်တင်ပြရမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြိုတင်ကွင်းဆင်းကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။

၅။ မည်သူမဆို ပါဝင်ယှဉ်ပြိုင်လိုသည့် စိတ်ကြိုက်သီးနှံအမျိုးအစားနှင့် သီးနှံအရေအတွက် ကို မတ်လ ၁ ရက် နံနက် ၁၀ နာရီမတိုင်မီအရောက် စက်စက်ယိုအဆင့်မြင့်ဧက(၉၀၀)စံပြစိုက်ကွင်း၊ သစ်သီးဝလံပြခန်းသို့ ပေးပို့အပ်နှံရပါမည်။

၆။ သီးနှံအလိုက်ယှဉ်ပြိုင်ရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို အချိန်မီ ဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များက အကဲဖြတ်အမှတ်ပေးမည်ဖြစ်ပါသည်။

၇။ ပြိုင်ပွဲဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ သိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| (က) ဆက်သွယ်ရမည့်ဌာန | - စိုက်ပျိုးရေးဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) ဆက်သွယ်ရမည့်ဖုန်းနံပါတ် | - ၀၆၇-၄၁၀၀၀၇ |
| (ဂ) ဆက်သွယ်ရမည့်ဖက်စ်အမှတ် | - ၀၆၇-၄၁၀၁၃၈ |










**အမည်ပြောင်း**

ဦးမောင်လတ် [၁၃/နမတ(နိုင်) ၀၂၈၃၅၄]၏ သမီး မမိုးသက်သက်ခိုင် ILBC-PVJ အား မအလင်္ကာဆုမြတ်(ခ)မအင်ဂျလီဟု ပြောင်းလဲခေါ်ဆိုပါရန်။



မီး သတိပြု

# အေအက်ဖ်စီ ယူ-၂၂ ဖိုင်နယ်ပွဲစဉ်များအတွက် မြန်မာ့လက်ရွေးစင်ယူ-၂၂အသင်း ထိုင်းနိုင်ငံသို့သွားရောက် လေ့ကျင့်

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာ့လက်ရွေးစင်ယူ-၂၂ အသင်းသည် ဇန်နဝါရီ ၁၁ ရက်မှ ၂၆ ရက်အထိ အိုမန်နိုင်ငံ မတ်စကတ်မြို့၌ ကျင်းပမည့် AFC U-22 Championship 2014 ပြိုင်ပွဲ နောက်ဆုံးအဆင့်အဖြစ် အုပ်စု(က)တွင် အိမ်ရှင်အိုမန်၊ တောင်ကိုရီးယား၊ ဂျော်ဒန်အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ AFC U-22 ဖိုင်နယ်ပွဲစဉ်များအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ကာလတို ခြေစမ်းလေ့ကျင့်မှုများ ပြုလုပ်ရန် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်း ထိုင်းနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ဂျာမနီနည်းပြ ဂတ်ဆီဇီက နည်းပြချုပ်အဖြစ်တာဝန်ယူထားသည့် မြန်မာ့လက်ရွေးစင် ယူ-၂၂အသင်းသည် ဇန်နဝါရီ ၄ ရက်တွင် ထိုင်းပရီမီယာလိဂ်ထိပ်တန်းကလပ် မြောင်ထောင်ယူနိုက်တက်အသင်းနှင့် လည်းကောင်း၊ ဇန်နဝါရီ ၆ ရက်တွင် ထိုင်းလက်ရွေးစင် ယူ-၂၀အသင်းနှင့် လည်းကောင်း ခြေစမ်းကစားကြမည်ဖြစ်သည်။

AFC U-22 ပြိုင်ပွဲဝင် မြန်မာအသင်းအတွက် အပြီးသတ်လူစာရင်းမှာ ဂိုး-ပြည့်ဖြိုးအောင်(ဆောက်သမ်းမြန်မာ)၊ ကျော်ဇင်ဖြိုး(မကွေးအက်ဖ်စီ)၊ မျိုးမင်းလတ်(ဧယျာရွှေမြေ)၊ နောက်တန်း - ဇော်မင်းထွန်း(ရတနာပုံ)၊ ဇာနည်ထက်(ရန်ကုန်ယူနိုက်တက်)၊ ရဲဝင်းအောင်(ရတနာပုံ)၊ နန္ဒကျော်(မကွေးအက်ဖ်စီ)၊ ဇော်ဝင်း(ရန်ကုန်ယူနိုက်တက်)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီယူနိုက်တက်)၊ ဝင်းဇင်ဦး(ဧယျာရွှေမြေ)၊ အလယ်တန်း-ကျော်မင်းဦး(အကယ်ဒမီ)၊ နိုင်လင်းဦး(ဧရာဝတီယူနိုက်တက်)၊ ငြိမ်းချမ်းအောင်(မနောမြေ)၊ သက်ပိုင်ဦး(ဧယျာရွှေမြေ)၊ ကောင်းဆက်နိုင်(ရန်ကုန်ယူနိုက်တက်)၊ အောင်သူ(အကယ်ဒမီ)၊မောင်မောင်စိုး(မကွေး)၊နေလင်းထွန်း(ဧရာဝတီယူနိုက်တက်)၊မျိုးဇော်ဦး(မကွေး)၊ ရှေ့တန်း-သက်နိုင်(ရတနာပုံ)၊ကျော်ကိုကို(ရန်ကုန်ယူနိုက်တက်)၊ ရန်နိုင်ထွေး(ဆောက်သမ်းမြန်မာ)၊ ရှိုင်းသူရ(ရတနာပုံ)တို့ဖြစ်ကြသည်။

**(မောင်မောင်ဇော်)**

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၁ ရက်နေ့အထိ နေပြည်တော်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့်(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ပြည်သူလူထုများ စိတ်ပါဝင်စားလာစေရန်နှင့် အားကစားပြိုင်ပွဲ အစီအစဉ်များ အောင်မြင်စွာ ကျင်းပနိုင်စေရန် ရည်ရွယ်၍ အကြိုလှုံ့ဆော်ရေး အစီအစဉ်များ ပြုလုပ်သွားမည်ဖြစ်ရာ အဆိုပါ အစီအစဉ်များနှင့် အားကစားပြိုင်ပွဲကြီးအတွက် စပွန်ဆာ ထောက်ပံ့နိုင်ရေးတွင် လုပ်ငန်းရှင်များအား ပူးပေါင်းပါဝင်ကူညီပေးပါရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက -

(၇) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ အခန်း(၁၆) အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ၀၉-၄၂၁၁၃၇၉၆၀၊ ၀၉-၅၀၇၄၂၁၀

# အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဝင်မည့် ဝှီးချဲ(လ်)အားကစားသမားများ လေ့ကျင့်

**နေပြည်တော် ဇန်နဝါရီ ၂**

မကြာမီ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် စည်ကားသိုက်မြိုက်စွာကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်း ပြေးခုန်ပစ်အားကစားအဖွဲ့အနေဖြင့် ဝှီးချဲ(လ်)အားကစားပြိုင်ပွဲတွင် အမျိုးသားလေးဦးပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိရေးအတွက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက လေ့ကျင့်**(ဓါတ်ပုံ)**နေပြီး မြန်မာမသန်စွမ်းအားကစား(ပြေးခုန်ပစ်)အဖွဲ့မှ နည်းပြဦးစိုးလွင်က အနီးကပ်ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

**ကျော်သူရ(နေပြည်တော်)**





# ချန်ပီယံလိဂ် (၁၆) သင်းအဆင့်ပွဲစဉ်များမဲခွဲ အာဆင်နယ်နှင့် ဘိုင်ယန်မြူးနစ်ထိပ်တိုက်တွေ့ဆုံ

ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ပွဲစဉ်များကို မဲခွဲဆုံးဖြတ်ခဲ့ရာ အာဆင်နယ်အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေပြီး အဆိုပါပွဲစဉ်သည် ပရီမီယာလိဂ်၏ အမှတ်ပေးဇယားထိပ်ဆုံးမှအသင်းနှင့် ဘွန်ဒက်လီဂါ၏ အမှတ်ပေးဇယားထိပ်ဆုံးမှအသင်းတို့ တွေ့ဆုံသည့်ပွဲစဉ်ဖြစ်၍ ပရိသတ်စိတ်ဝင်စားမှု အကောင်းဆုံးပွဲစဉ်ဖြစ်လာမည် ဖြစ်သည်။

လက်ရှိ ပရီမီယာလိဂ်တွင် အာဆင်နယ်အောက်မှ ကပ်လိုက်လျက်ရှိသော မန်စီးတီးအသင်းသည် စပိန်လာလီဂါ၏ ထိပ်တန်းအသင်းဖြစ်သည့် ဘာစီလိုနာအသင်းနှင့်တွေ့မည်ဖြစ်သည်။ မန်ယူအသင်းမှာမူ အိုလံပီယာကို့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရရန်ရှိပြီး မော်ရင်ဟို၏ချယ်လ်ဆီးအသင်းမှာမူ ဂါလာတာစာရေးအသင်းနှင့် ကစားရမည်ဖြစ်သည်။

ချန်ပီယံလိဂ်တွင် ကိုးကြိမ်အထိချန်ပီယံဖြစ်ထားသော ရီးယဲလ်မက်ဒရစ်အသင်းမှာ ဘွန်ဒက်လီဂါကလပ် ရှော်လ်ကေးအသင်းနှင့် ကစားရမည်ဖြစ်ပြီး ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် လေဗာကူဆင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယမန်နှစ်ရာသီက ပြည်တွင်းပြိုင်ဘက် ဘိုင်ယန်နှင့်အတူ ဗိုလ်လုပွဲတက်လှမ်းလာခဲ့သည့် ဒေါ့မွန်အသင်းသည် ဇင်းနစ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ စီးရီးအေကလပ် အေစီမီလန်အသင်းသည် လာလီဂါတွင် ဘာစီလိုနာထံမှ ဖလားလုယူနိုင်သည့် ခြေစွမ်းမျိုးရှိသည့် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေကြောင်းသိရသည်။ **(ငွေကြယ်)**








## မိုဘိုင်းစာကြည့်တိုက်၌ ကွင်းဆင်းဆောင်ရွက်

**အောင်လံ ဇန်နဝါရီ ၂**

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အောင်လံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် ဒီဇင်ဘာ ၂၈ ရက်က ပြလို့ကျေးရွာ မုဒြာစာကြည့်တိုက်နှင့် မိုဘိုင်းစာကြည့်တိုက်များသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က ကျောင်းသားများအား ယနေ့ကျောင်းသားလူငယ်များသည် အမိနိုင်ငံတော်၏ ရရှိထားသော လွတ်လပ်ရေးကို တန်ဖိုးထားလေးစားရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်၊ ထို့ပြင် လူ့အရင်းအမြစ်ဖြစ်သည့် စာကြည့်တိုက်များကို အသုံးချတတ်ရန်၊ စာကြည့်တိုက်မှ ပညာရပ်မျိုးစုံကို သိနားလည်ပြီး အနာဂတ်နိုင်ငံတော်အတွက် အားထားရသော လူတော်လူကောင်းများဖြစ်စေရန် အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းသားများ ဗဟုသုတအဖြာဖြာလေ့လာနိုင်ရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်မှ သုတ၊ ရသစာအုပ်မျိုးစုံကို သုံးပတ်ကြာ ငှားရမ်းခဲ့ကြောင်း သိရသည်။

**နန်းမောင်(သရက်)**

## ရန်ကုန်အနောက်ပိုင်းခရိုင်တရားသူကြီး ရဲစခန်း၊ အချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ခရိုင်တရားသူကြီး ဦးစိုးလွင်သည် ဒီဇင်ဘာ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မြို့မရဲစခန်း၊ အချုပ်ခန်းနှင့် ပိတောက်ချောင်းနယ်မြေ ရဲစခန်း၊ အချုပ်ခန်း၊ ဒဂုံမြို့နယ် ရဲတပ်ဖွဲ့စခန်း အချုပ်ခန်းများသို့ သွားရောက်၍ အချုပ်သားများနှင့် တွေ့ဆုံပြီး နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိမရှိ၊ သန့်ရှင်းမှုရှိမရှိ၊ အာဟာရသင့်တင့်မျှတမှု ရှိမရှိ၊ ကျန်းမာရေးပြည့်စုံမှု ရှိမရှိ၊ မကျန်းမာပါက ဆေးကုသခွင့် အခွင့်အရေးရှိမရှိ၊ အချုပ်သားများအပေါ် နှိပ်စက်ညှဉ်းပန်းမှု၊ မတရားပြုမှုရှိ မရှိနှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေး စသည့်တို့နှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## သုတဘာဏ်စာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပမည့် သုတဘာဏ် စာတမ်းဖတ်ပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အသင်းရုံးသစ် ခန်းမဆောင်တွင် ဇန်နဝါရီ ၁၈ ရက်၌ ကျင်းပမည်ဖြစ်ရာ ဆရာမောင်ခင်မင်(ဓနုဖြူ)နှင့် ဆရာမှော်ဝန်းကြည်မြတ်တို့က စာတမ်းများ ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

ဂီတနက်သံ ကိုစောငြိမ်းနှင့် ဂီတနက်သံ ဦးအုန်းလွင်တို့၏ ဂီတနက်သံခေတ်နှစ်ခေတ်ကို ပေါင်းစည်းထားသော အဆိုပါ စာတမ်းဖတ်ပွဲတွင် ကိုစောငြိမ်းနှင့် ဦးအုန်းလွင်တို့၏ လက်ရာ တေးသီချင်းများအနက် ‘ဝသန်ခါဦး၊ ငွေဝန်းသော်တာ၊ နွေနှောင်းရွက်ကျန်၊ ပွင့်ဦး၊ မိုး၊ သည်ဆောင်းဟေမာန်၊ မြနဒီ၊ မြပုဏ္ဏမာ၊ ရွှေလည်းမော့မော့၊ ကြယ်ကြွေရာ’ သီချင်းများကို စာရေးဆရာ၊ ကဗျာဆရာများက ဂီတနက်သံဦးအုန်းလွင်၊ ဂီတာ မင်းမင်းဦး၊ တယော ဦးတင်ရီတို့၏ တူရိယာတီးမှုတ်မှုများနှင့်အတူ သရုပ်ပြသီဆိုကြမည်ဟု သိရသည်။

စာရေးဆရာကြီး လယ်တွင်းသားစောချစ်၊ မောင်ဟေမာ (ဦးမောင်မောင်အေး-အလက်၁၀တ်ရည်)၊ ဆရာမကြီး ကြူကြူသင်း၊ ဆရာ သူရဇော်၊ ဆရာ ကာတွန်းရွှေမင်းသား၊ ပန်းချီကောင်းစံ၊ မေအောင်လင်း၊ တေးသံရှင် နှင်းနှင်းထူး၊ ကိုအောင်ရွှေ (ငွေသဇင်မင်းဆီစက်)နှင့် မျိုးမင်းဆန်းတို့ ပါဝင်သီဆိုကြမည်ဟု သိရသည်။

**(၃၁)**

## မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေး ကြိုတင်ငွေပေးအပ်

**တွံတေး ဇန်နဝါရီ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာဖြစ်သည့် ဝက်ချောင်းကျေးရွာ၊ တံခွန်တိုင်ကျေးရွာ၊ အဒွန်းကျေးရွာတို့အား နိုင်ငံတော်မှ ကျေးလက်နေပြည်သူတို့ ဘဝမြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ တစ်ပိုင်တစ်နိုင် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေး ကြိုတင်ငွေပေးအပ်ခြင်းအခမ်းအနားကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စန္ဒကူးခန်းမ၌ ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနား၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်မှ ချေးငွေ ၇၅သိန်းအား တိ/မွေးကု ဦးစီးအရာရှိ ဒေါ်အေးသဥ္ဇာခိုင်ထံ ပေးအပ်ခဲ့သည်။

ဒေသဖွံ့ဖြိုးတိုးတက် မြင့်မားအောင်မြင်လာစေရန်အတွက် ဝက်မွေးမြူသူအစုအဖွဲ့အား ၆၆ ဒသမ ၈သိန်း၊ ဆိတ်မွေးမြူသူ အစုအဖွဲ့အား ၈ ဒသမ ၂ သိန်း စုစုပေါင်း ၇၅ သိန်းအား နိုင်ငံတော်မှ အတိုးမဲ့ ချေးသောချေးငွေဖြစ်ကြောင်း သိရသည်။

“အခုလို အစုအဖွဲ့အလိုက် မွေးမြူရေးအတွက် နိုင်ငံတော်က အတိုးမဲ့ ချေးပေးတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့ကလည်း မွေးမြူရေးလုပ်ငန်းတွေမှာ အောင်မြင်အောင် ကြိုးစား မွေးမြူသွားမှာပါလို့” ချေးငွေရရှိသော ကျေးရွာသားတစ်ဦးက ပြောကြားသည်။

အခမ်းအနားသို့ ကျေးရွာ သုံးရွာမှ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၅၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## နေခြည်ဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မြန်အောင် ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဈေးများမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက် ပညာပေးခြင်းလုပ်ငန်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်က မြို့မနေခြည်ဈေးတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်သုံးစီး၊ ဒေသပိုင်မီးသတ်ယာဉ် တစ်စီးနှင့် နေခြည်ဈေးအရန်မီးသတ်တပ်ဖွဲ့တို့မှ စုပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။ **(ယာပုံ)**

**ဝင်းဗိုလ်(မြန်/ဆက်)**



## စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

## (၁၈/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-156(2013-2014) | Gas Detector Equipment with Complete Accessories | (2) Sets | US$ |
| (၂) | IFB-157(2013-2014) | N 69 & GD 75 Swivel Complete Sets | (2) Items | US$ |
| (၃) | IFB-158(2013-2014) | Assorted Sizes of ERW Steel Line Pipes (API 5L Grade X 42, 3LPE Coated) & Pipe Accessories | (1) Lot | US$ |
| (၄) | IFB-159(2013-2014) | Welding Electrode | (3) Items | US$ |
| (၅) | IFB-160(2013-2014) | 50 Ton Tractor with Low Bed Trailer | (2) Units | US$ |
| (၆) | IFB-161(2013-2014) | Assorted Sizes of Tri-Cone Rock Bits & PDC Bits | (5) Items | US$ |
| (၇) | IFB-162(2013-2014) | 10 Ton Dump Truck | (1) Unit | US$ |
| (၈) | IFB-163(2013-2014) | CAT D 3508 Engine | (3) Nos | US$ |
| (၉) | DMP/L-048(2013-2014) | Electrical Spares for ZJ 70L Drilling Rig | (4) Items | Ks |
| (၁၀) | DMP/L-049(2013-2014) | Portable Fire Pump, Transformer Welding Set & Gas Cutting Torch | (3) Items | Ks |
| (၁၁) | DMP/L-050(2013-2014) | Geological Survey Instruments & Mud Testing Equipments | (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃-၂-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**




**ပြင်ဆင်ပြီးတိုက်ခန်းရောင်း**

စမ်းချောင်း၊ လမ်းသန့် ပေ(၁၇½×၆၀) စတုတ္ထထပ်၊ကျွန်းပါကေး၊ ကျွန်းအိပ်ခန်း ၂ခန်း၊ သံပန်းပြည့်၊ ဆန်းရှိတ်၊ ကိုယ်ပိုင်ရေမီး၊ (ဝရံတာ၊ ရေချိုးခန်း၊ မီးဖိုခန်း၊ ဘိုထိုင်အိမ်သာ) ကြွေပြား ခင်း၊ ကပ်၊ မျက်နှာကြက် ဂျက်ဆင်ဘုတ်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ တိုက်သန့်၊ (၅၉၅)သိန်း။
ဖုန်း- ၀၉-၄၄၉၀၀၂၈၆၅၊
၀၉-၇၃၁၅၆၄၉၄

**SEVEN စံ**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ရှိ မြေကွက်များ ရောင်းလို၊ ဝယ်လိုပါသလား?
SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
ပွဲခ လုံးဝ မယူပါ။
**ဖုန်း- ၀၁-၂၀၅၇၄၈**
**၀၉-၃၁၇၁၅၂၄၇**
**၀၉-၇၃၁၁၉၀၉၉**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဦးမဲညို အမည်ပေါက် ဈေးကုန်းအပိုင် မြေကွက်အမှတ် ၁/စီ၊ ဦးပိုင်အမှတ် -၅၇၊ မြေချိန်ဧရိယာ ၀. ၀၈၀ မြေပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် အကျိုးခံစားခွင့်များကို ပိုင်ဆိုင်သူ ဦးမြင့်သိန်း (CI-059877) အမှတ်- ၄၈၊ (၂) လမ်းကွက်သစ်ရှိ အိမ်တွင် နေထိုင်သူမှ ဦးအေးထွန်း (HGRN-030082) အား ရောင်းချ၍ စာချုပ်ချုပ်ဆိုမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါအိမ်နှင့် မြေပြင်အကျိုးခံစားခွင့်များကို ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက စာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇) ရက်ကျော်လွန်ပါက ဥပဒေအရ လုပ်ဆောင်စရာရှိသည်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အသိပေးအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ခင်နှင်းလွင် (B.A(Law), LLB) | ဒေါ်ဆုလှိုင်ဝေ (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၉) | အထက်တန်းရှေ့နေ (စဉ်-၃၇၀၃၅) |
| ဖုန်း-၀၉- ၄၄၈၀၁၄၀၉၄၊ | ဖုန်း-၀၉ ၄၂၀၂၆၆၇၄၃ |

အမှတ် -၆၆၂၊ မင်းရဲကျော်စွာလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

# မြန်မာ့ပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် အကြံပြုချက်များဖိတ်ခေါ်ခြင်း

မြန်မာ့ပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် ၇-၁၀-၂၀၁၃ရက်နေ့တွင် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပ၍ အစိုးရဌာနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ Stakeholder များ ပါဝင်သည့်ကော်မတီ၊ အကြံပေးအဖွဲ့များဖွဲ့စည်းလျက် မူဝါဒ၊ လုပ်ငန်းစဉ်များ၊ အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ(မူကြမ်းများ) ပြုစုလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၂ ခုနှစ် ဩဂုတ်လမှစတင်ခဲ့သော ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehesive Education Sector Review-CESR)သည် ပညာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်ဆက်စပ်သောဝန်ကြီးဌာနများမှ ပညာရှင်များ၊ အတွေ့အကြုံရင့် ပညာရှင်ကြီးများနှင့် နိုင်ငံတကာအကြံပေးပညာရှင်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပညာရေးနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသူများဖြင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်၍ ပြုပြင်ပြောင်းလဲသင့်သော ထောက်ခံအကြံပြုချက်များအပေါ် အခြေခံပြုစုဆောင်ရွက်ပါသည်။

ထိုထောက်ခံအကြံပြုချက်များအပေါ်မူတည်၍ လက်တွေ့ကျကျ အစဉ်ပြေချောမွေ့စွာ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက်လုပ်ငန်းအဖွဲ့များက Stakeholder များနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်တွင် တက္ကသိုလ်အဆင့်တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆွေးနွေးပွဲနှင့် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်၍ လူမှုအဖွဲ့အစည်းများ၏ အကြံပြုချက်များရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ရောက်ဆွေးနွေးအကြံပြုနိုင်ပါကြောင်းနှင့် တက်ရောက်ဆွေးနွေးနိုင်ခြင်းမရှိပါကလည်း အောက်ဖော်ပြပါ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များသို့လည်း အကြံပြုချက်များကို ဆက်သွယ်ရန်လိပ်စာ **စိန်ရတုခန်းမတက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့** သို့မဟုတ် အောက်ပါဆက်သွယ်ရန် **e-mail**များသို့ စာဖြင့်ပေးပို့နိုင်ကြောင်း သတင်းရရှိပါသည်။

| စဉ် | အမည် | တာဝန် | လုပ်ငန်းအဖွဲ့ | ဆက်သွယ်ရန် e-mail |
|---|---|---|---|---|
| ၁။ | ဒေါက်တာ<br>ဒေါ်ခင်မျိုးမြင့်ကြူ<br>ဒေါ်ခင်မာထွေး | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | မူကြိုပညာရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | myoemyintkyu@gmail.com<br>kmhdirector@gmail.com |
| ၂။ | ဒေါ်မြင့်မြင့်သန်း<br>ဒေါ်ညွန့်ညွန့် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ဘုန်းတော်ကြီးသင်<br>ပညာရေးနှင့်ပညာရေး<br>လုပ်ငန်းဆောင်ရွက်သည့်<br>ဘာသာရေးအဖွဲ့အစည်း<br>များဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | malaynyunt@gmail.com |
| ၃။ | ဦးတင်ညို<br>ဦးစိုးဝင်း | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | အခြေခံပညာရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | tinnyo2@gmail.com |
| ၄။ | ဒေါက်တာ<br>ဒေါ်ထူးထူးအောင်<br>ဒေါ်ခင်ခင်ဌေး | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ဆရာအတတ်<br>ပညာရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | khinhtay.directordept@gmail.com |
| ၅။ | ဦးထွန်းလှ<br>ဒေါ်ဂျိုအဲနာ | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ကလေးဗဟိုပြု<br>ချဉ်းကပ်သင်ယူ<br>နည်းဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | 20jdoe08@gmail.com |
| ၆။ | ဦးမြင့်ဟန်<br>ဦးခင်မောင်ထွေး | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ကျောင်းပြင်ပပညာရေး<br>ဆိုင်ရာလုပ်ငန်းအဖွဲ့ | mlrc.ygn@gmail.com<br>khinmaunghtwe58@gmail.com |
| ၇။ | ဒေါက်တာဥမ္မာကျော်<br>ဒေါက်တာဒေါ်သန်းနွဲ့ | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ဥပဒေပြုစုရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | kyaw.omar@gmail.com |
| ၈။ | ဒေါ်ရီရီမြင့်<br>ဒေါက်တာထွန်းအောင် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | စီမံခန့်ခွဲမှုဆိုင်ရာ<br>အရည်အသွေး<br>မြှင့်တင်ရေး<br>လုပ်ငန်းအဖွဲ့ | dawyiyimyint09@gmail.com<br>dr.tunaung64@gmail.com |
| ၉။ | ဒေါက်တာသက်လွင်<br>ဒေါ်နှင်းမူ | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ဝန်ထမ်းစွမ်းရည်မြှင့်<br>တင်ရေးနှင့်စွမ်းဆောင်<br>ရည်အကဲဖြတ်ရေး<br>လုပ်ငန်းအဖွဲ့ | thetlwin737@gmail.com<br>hmdhel@gmail.com |
| ၁၀။ | ဒေါက်တာမြမြဦး<br>ဒေါက်တာကျော်နိုင် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | လက်တွေ့အသုံးချ<br>သုတေသန<br>လုပ်ငန်းများမြှင့်တင်<br>ဆောင်ရွက်ရေး<br>လုပ်ငန်းအဖွဲ့ | drmyamyaoo@gmail.com<br>drkyawnaing2009@gmail.com |
| ၁၁။ | ဦးစိန်မင်း<br>ဒေါက်တာနုနုရီ | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ပညာရပ်ဆိုင်ရာ<br>ရုပ်ပတ်ဝန်းကျင်<br>ကောင်းများကြီးကြပ်<br>ဖြည့်ဆည်းရေး<br>လုပ်ငန်းအဖွဲ့ | nunuyi1964@gmail.com |
| ၁၂။ | ဦးစိုးညွန့်<br>ဒေါက်တာနေဝင်းဦး | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | သင်ရိုးညွှန်းတမ်း၊<br>သင်ရိုးမာတိကာ<br>ဆိုင်ရာလုပ်ငန်း<br>အဖွဲ့(အဆင့်မြင့်) | winoo.nay@gmail.com |
| ၁၃။ | ဒေါက်တာဒေါ်မြကြွယ်<br>ဒေါ်ခင်သင်းဖြူ | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | သင်ရိုးညွှန်းတမ်း၊<br>သင်ရိုးမာတိကာဆိုင်ရာ<br>လုပ်ငန်းအဖွဲ့အခြေခံ | khinthinphyu.edu@gmail.com |
| ၁၄။ | ဒေါက်တာမြင့်သိန်း<br>ဒေါက်တာဇော်မြင့် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | အဆင့်မြင့်ပညာရေး<br>ဆိုင်ရာလုပ်ငန်းအဖွဲ့ | zawmyint.uzm@gmail.com |
| ၁၅။ | ဒေါက်တာခင်မေအုန်း<br>ဒေါက်တာတင့်ဆွေလတ် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | ကျန်းမာရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | proftsl@gmail.com |
| ၁၆။ | ဒေါက်တာကျော်ဝင်း<br>ဒေါက်တာဇော်မင်းနိုင် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | သက်မွေးဝမ်းကျောင်း<br>ပညာရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | nyihlange1@gmail.com<br>wytu2010@gmail.com |
| ၁၇။ | ဒေါက်တာမြင့်သောင်း<br>ဒေါက်တာတင်ထွဋ် | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | စိုက်ပျိုးရေး/<br>မွေးမြူရေး/သစ်တော<br>ပညာရေးဆိုင်ရာ<br>လုပ်ငန်းအဖွဲ့ | tinhtutagri@gmail.com |
| ၁၈။ | ဒေါက်တာဖိုးကောင်း<br>ဒေါက်တာဒေါ်နွဲ့နွဲ့ဝင်း | အဖွဲ့ခေါင်းဆောင်(၁)<br>အဖွဲ့ခေါင်းဆောင်(၂) | သတင်းအတတ်<br>နည်းပညာနှင့်<br>ဆက်သွယ်ရေးပညာ<br>ဆိုင်ရာလုပ်ငန်းအဖွဲ့ | pkaung@gmail.com<br>nwe2win.csyu@gmail.com |

## စီးပွားရေးကြော်ငြာ




## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**



# တက္ကသိုလ်များဗဟိုကောင်စီဖွဲ့စည်းရေး (မူကြမ်း) နှင့်ပတ်သက်၍ ပညာရှင်တို့၏သဘောထားအမြင်များ

တွေ့ဆုံမေးမြန်း
ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်

**ရန်ကုန်  ဇန်နဝါရီ  ၂**

မြန်မာနိုင်ငံပညာရေးအဆင့်အတန်း မြင့်မားစေရန်အတွက် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ယခုအစိုးရလက်ထက်တွင် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက်က လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် နေပြည်တော်ရှိ MICC ခန်းမတွင် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲအရ မြန်မာနိုင်ငံ၏ပညာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ Stakeholders များ ပါဝင်သည့်ကော်မတီနှင့် အကြံပေးအဖွဲ့များ ဖွဲ့စည်း၍ မူဝါဒလုပ်ငန်းစဉ်များ၊ အမျိုးသား ပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ(မူကြမ်းများ)ကို ရေးဆွဲလျက်ရှိသည်။

**စာမျက်နှာ ၈ ကော်လံ ၆ သို့** ●

## လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်  ဇန်နဝါရီ  ၂**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပပြုလုပ်မည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံအစီအစဉ်တို့မှ ဇန်နဝါရီ ၄ ရက် နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော် မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည် ဖြစ်သည်။

**(သတင်းစဉ်)**



**ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား မြန်မာအပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းတွင် တွေ့ရစဉ်။** (သတင်းစဉ်)

# မော်တော်ယာဉ်များ ထုတ်ယူရာတွင် ပစ္စည်းများလျော့နည်းပျောက်ဆုံးမှု မရှိစေရေးဆောင်ရွက်သွားမည်

**ရန်ကုန်  ဇန်နဝါရီ  ၂**

၂၀၁၁ ခုနှစ် အောက်တိုဘာလမှ စတင်ပြီး အထူးအစီအစဉ်ဖြင့် တင်သွင်းခွင့်ပြုထားသည့် မော်တော်ယာဉ်များ ဆိပ်ကမ်းမှ ထုတ်ယူရာတွင် ပစ္စည်းများ လျော့နည်းပျောက်ဆုံးမှုမရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်အစည်းအဝေးခန်းမ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

မော်တော်ယာဉ်များ ဆိပ်ကမ်းမှ ထုတ်ယူရာတွင် မော်တော်ယာဉ်တင်သင်္ဘောများမြန်မာဆိပ်ကမ်းများသို့ ရောက်ရှိလာချိန်၌ပင် ပျောက်ဆုံးနေခြင်း၊ သင်္ဘောမှတစ်ဆင့် ယာဉ်ထားသိုရာနေရာသို့ ရွှေ့ပြောင်းစဉ် ယာဉ်မောင်းသူကြောင့် ပျက်စီးပျောက်ဆုံးခြင်း၊

**စာမျက်နှာ ၉ ကော်လံ ၆ သို့** ❖

# ရွှေတံဆိပ်ဆုများစွာနှင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်မည့် မသန်စွမ်းပြေးခုန်ပစ်အဖွဲ့

**နေပြည်တော်  ဇန်နဝါရီ  ၂**

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကိုယ့်မြေကိုယ့်ပရိသတ်ရှေ့မှောက်၌ မသန်စွမ်းသူများသည် မသန်သော်လည်း "စွမ်း"ပါသည်ဟူသော စကားအတိုင်း မသန်စွမ်းအားကစားနည်းများစွာဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်တော့မည်ဖြစ်သည်။

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးအတွင်းရှိ လေ့ကျင့်ရေးကွင်း၌ မြန်မာနိုင်ငံ မသန်စွမ်းပြေးခုန်ပစ်အသင်းအုပ်ချုပ်သူ ဦးစန်းထွန်းနှင့် တွေ့ဆုံရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၌ မြန်မာပရိသတ်ကြီးမှာ တစ်ခဲနက် ဝိုင်းဝန်းအားပေးခဲ့လို့ မြန်မာအားကစားအသင်းများအနေဖြင့် ထူးထူးခြားခြား အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ထိုကဲ့သို့ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများ၌ မြန်မာပရိသတ်ကြီးမှာ နိုင်ငံ့ဂုဏ်ဆောင်မည့် ရွှေတံဆိပ်ဆုများ ရရှိရန် မသန်စွမ်းမြန်မာအားကစားသမားများကို အားပေးဖို့ တာဝန်ကျန်ရှိနေပါသေးကြောင်း၊ တစ်ဖက်မှ မသန်စွမ်းသူအားကစားသမားများသည် အမိမြန်မာနိုင်ငံကို ကိုယ်စားပြု၍ ရွှေတံဆိပ်ဆုများရရှိရန် အပြင်းအထန် လေ့ကျင့်လျက် ပြိုင်ပွဲဝင်ရန်အသင့်အနေအထားတွင်ရှိနေကြောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲဝင်ရန် မြန်မာနိုင်ငံမှ မသန်စွမ်းပြေးခုန်ပစ်အတွက် အကောင်းဆုံးနှင့် အတော်ဆုံးအားကစားသမား အမျိုးသား ၄၀ နှင့် အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၅၈ ဦးကို ရွေးချယ်ပြီး လေ့ကျင့်လျက်ရှိကြောင်းနှင့် ပြေးခုန်ပစ်

**စာမျက်နှာ ၉ ကော်လံ ၆ သို့** ■



**မသန်စွမ်းအားကစားသမားတစ်ဦး သံပြားပစ်လေ့ကျင့်နေစဉ်။**







## အမည်ပြောင်း

အဖ ဦးစိုးဝင်း၏သား မြစ်ကြီးနားမြို့ အထက(၃)အဌမတန်း(C)၌ ပညာသင်ကြားနေသော မောင်အောင်ကိုလတ်၏ အမည်မှန်မှာ မောင်ကျော်ဇင်အောင်ဖြစ်ပါသည်။

**မောင်ကျော်ဇင်အောင်**



## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အရောင်းပြခန်းများ ဖွင့်လှစ်ရန်ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၄၆)ရှိ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)၏ ကမ္ဘာအေးစေတီလမ်းမကို မျက်နှာစာပြုထားသည့် အလျား ပေ ၁၀၀ × အနံ ၃၅ ပေရှိသော မြေကွက်များပေါ်တွင် အကျိုးတူ အရောင်းပြခန်းဆောက်လုပ်ဖွင့်လှစ်ရန် စိတ်ပါဝင်စားသူများအနေဖြင့် ၁၄-၁-၂၀၁၄ ရက်အထိ ရုံးဖွင့်ရက် ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ဆက်သွယ်ဆွေးနွေးနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

**ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇ ၄၀၅၀၅၃၊ ၀၆၇ ၄၀၅၀၅၄**

## ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အာစရိယပူဇော်ပွဲ

ပဲခူးမြို့ အထက(၃) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့)(စနေနေ့)၊ မွန်းတည့် ၁၂း၀၀နာရီမှ ညနေ ၁၄း၀၀နာရီအထိ ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ၊ ကျောင်းသားဟောင်းများအားလုံး စုံညီစွာ တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ကျောင်းသား၊ ကျောင်းသူဟောင်းများထံတွင် ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

**ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| ၁။ ကိုဝဏ္ဏစန်းမောင် | ဖုန်း-၀၉-၅၁၇၅၆၀၇ | ၂။ ကိုဆွေဆက်ထွန်း | ဖုန်း-၀၉-၇၃၂၀၀၆၁၁ |
| ၃။ ကိုဇော်မျိုးကျော် | ဖုန်း-၀၉-၅၁၀၉၃၁၉ | ၄။ ကိုသူရညွန့် | ဖုန်း-၀၉-၄၂၁၇၁၇၆၇၃ |
| ၅။ ကိုမင်းမင်းဇင် | ဖုန်း-၀၉-၅၁၀၉၃၂၄ | ၆။ ကိုမျိုးမင်းထွန်း | ဖုန်း-၀၉-၅၀၉၁၆၇၃ |
| ၇။ ကိုအောင်မိုးဟန် | ဖုန်း-၀၉-၅၁၃၃၀၄၄ | ၈။ ကိုညွန့်ဝင်း | ဖုန်း-၀၉-၅၃၈၀၄၉၂ |
| | ဖုန်း-၀၅၂-၂၂၇၆၈ | (မြစ်ကျိုးအပ်ချည်ကြယ်သီးဆိုင်၊ ပဲခူး) | |
| ၉။ ကိုမျိုးဆွေ | ဖုန်း-၀၅၂-၂၃၆၇၇ | ၁၀။ မသန္တာဆန်း | ဖုန်း-၀၉-၄၂၈၁၁၉၃၈၅ |
| (စိန်ဟင်းလျှပ်စစ် စတိုး၊ ပဲခူး) | ဖုန်း-၀၅၂-၂၃၆၇၉ | ၁၁။ ကိုရန်နိုင် | ဖုန်း-၀၉-၅၃၀၀၆၄၃ |
| | | ၁၃။ မအေးအေးမော် | ဖုန်း-၀၅၂-၂၁၆၁၁ (သဇင်စာပေ)ပဲခူး |
| ၁၂။ ကိုကောင်းမြတ်ဦး ဖုန်း-၀၉-၅၃၀၀၁၆၄ | | | |










## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၃ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၂၅ရက်(စနေနေ့) နံနက် ၈း၃၀နာရီ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ Royal Garden Restaurant တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အသင်းနှင့်ပတ်သက်သည့် အကြံပေးစာများကို ၂၀-၁-၂၀၁၄ရက် နောက်ဆုံးထား၍ပေးပို့နိုင်ပြီး အသင်းဝင်သားသမီးများ ၂၀၁၄ခုနှစ် ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာများကို ၂၈-၂-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

သက်ကြီးပူဇော်ပွဲအခမ်းအနားကို နံနက် ၈း၃၀နာရီ စတင်ပါမည်။ နံနက် ၉နာရီ အကျွေးအမွေးဖြင့်ဧည့်ခံပြီး ကံစမ်းမဲအစီအစဉ် ပါရှိပါမည်။

**အမှုဆောင်အဖွဲ့.**

**ပျောက်ဆုံး**

ကျွန်မ မမြင့်မြင့်ဝေ(၁/မကန(နိုင်)၀၈၂၁၆၀)၏ မြန်မာနိုင်ငံကူးလက်မှတ်နံပါတ်(၂၇၈၅၉၅)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၀၂၂၁၈၈**

## ပြည်ပသို့ဆေးစစ်ကုသခံယူလိုသည့်
## အမျိုးသားဝေဒနာရှင်တစ်ဦးအတွက်
## အသွား/အပြန် ပြုစုစောင့်ရှောက် လိုက်ပါ
## ပို့ဆောင်နိုင်သူတစ်ဦး အလိုရှိသည်

၁။ အမေရိကန်နိုင်ငံသို့ ဆေးစစ်ကုသရန် သွားရောက်ရမည့် အမျိုးသားဝေဒနာရှင် (Wheel Chair ဖြင့်သာ သွား/လာနိုင်သူ)တစ်ဦးအား မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ အတူလိုက်ပါပို့ဆောင်ပေးရမည်။

၂။ အမေရိကန်နိုင်ငံတွင် စစ်ဆေးကုသမှုပြုလုပ်ခြင်းအား (၂/၃)ရက်ခန့် ဆောင်ရွက်ရမည်ဖြစ်ပြီး နောက်တစ်ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လာရမည်။

၃။ ထိုခရီးစဉ်ကို လိုက်ပါပို့ဆောင်နိုင်ရန်အတွက် လိုအပ်သော နိုင်ငံကူးလက်မှတ်၊ အမေရိကန်ဗီဇာနှင့် ခရီးသွားလက်မှတ်စာရွက်စာတမ်းများ လက်ဝယ်ရှိသူ သူနာပြု (သို့မဟုတ်) ဆရာဝန် (သို့မဟုတ်) လူမမာအား လိုက်ပါစောင့်ရှောက်နိုင်သူ (Tour Guide of Myanmar, Tour Operator) အမျိုးသား (သို့မဟုတ်) အမျိုးသမီး တစ်ဦး ဖြစ်ရပါမည်။

၄။ နေထိုင်စားသောက်မှုစရိတ်၊ ခရီးစရိတ် စသည့်စရိတ်မျိုးစုံကို လူနာရှင်မှ ကျခံပေးမည့်အပြင် ဝန်ဆောင်မှုစရိတ်ကိုပါ ညှိနှိုင်းပေးပါမည်။

၅။ အထက်ပါခရီးစဉ်အတွက် ဝန်ဆောင်မှုပေးနိုင်သူအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၁-၅၅၉၄၆၆၊ ၀၉-၅၀၂၁၈၃၄**



# လှုပ်ကြင်ရေးနေ့ တော်ဝင်မိသားစုကုမ္ပဏီ ဧတုဒီသာအလှူ

TAW WIN CENTRE

တော်ဝင်မိသားစုကုမ္ပဏီမှ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် ပြာသိုလဆန်း(၄)ရက်နေ့ (၄၊၁၊၂၀၁၄) နံနက်(၉:၃၀)တွင် တော်ဝင်စင်တာ၌ အကြိမ်(၂၀)မြောက် ဧတုဒီသာအဖြစ် မုန့်ဟင်းခါးနှင့် ကော်ဖီ ကျွေးမွေးခြင်းများကို ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက်သုံးဆောင်နိုင်ပါကြောင်း မိတ်ကြားအပ်ပါသည်။

တော်ဝင်မိသားစုကုမ္ပဏီ၊ တော်ဝင်မိသားစု



New Fashion Designer Group

Ph: 227096, 095065569, 0973048822, 09420062558, 0973029408





## လိုက်လှဲဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၂ခုနှစ်အတွက် အမျိုးသားဇာတ်ဆောင်ဆု ရရှိသော မြန်မာနိုင်ငံတင်းနစ်သံတမန် ပြေတီဦးအတွက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင် အဖွဲ့ဝင်အားလုံးမှ လိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါသည်။

**မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်**
**သိမ်ဖြူ တင်းနစ်ကွင်း**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၀၊ မြေကွက်အမှတ်-၁၇၅၅၊ မြေကွက်တည်နေရာအမှတ်-(၁၇၅၅)၊ (၁၅၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဦးချစ်ဟန်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးချစ်ဟန်[၁၂/ဒလန(နိုင်)၀၂၀၅၅၅]ကိုယ်တိုင်မှ မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၃၉၅၊ မြေကွက်တည်နေရာအမှတ်(၃၉၅)၊ မာဃ(၁၄)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးမောင်ဟန်၊ ဦးသန်း)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမောင်ဟန် ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်နု[၁၂/ဥကတ(နိုင်)၁၁၆၈၃၄]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းနှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသန်းနှင့်ဇနီး ဒေါ်ထွေးစိန်ကွယ်လွန်သဖြင့် ဒေါ်ခင်မမ[၁၂/ဒဂတ(နိုင်)၀၃၆၆၈၂]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်


EDUMAP
2014
Basic Spoken English
(Jan 5)
Basic Writing English
(Jan 5)
EDUMAP Language Centre

[illegible]

## ရွှေပါရမီတောရဆရာတော်အရှင်ဆန္ဒာဓိကာ၏
## ဓမ္မပူဇာအထူးတရားပွဲဖိတ်ကြားလွှာ

မောင်ထူးအောင်ဝေ၏ (၁၅)နှစ်ပြည့်မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဆရာတော်အရှင်ဆန္ဒာဓိက၏ ဓမ္မပူဇာသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် တရားတော်များ နာယူနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက် - ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်**
**၅-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)**
**ကျင်းပမည့်အချိန် - ည ၇နာရီ**
**ကျင်းပမည့်နေရာ - ဇမ္ဗူသီရိဗိမာန်တော်၊ တံတားလေးလမ်း၀၊ န၀ဒေးရုပ်ရှင်ရုံရှေ့၊ မရမ်းကုန်းမြို့နယ်။**
**ဒေါ်မြတ်သက်စောမိသားစု**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊မြေကွက်အမှတ်-၃၄၊ မြေကွက်တည်နေရာအမှတ်-၁၅၊ အောင်မာဃလမ်း၊ ၁-ရပ်ကွက်၊ လှိုင်မြို့နယ် (ဦးချစ်) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးချစ်ကွယ်လွန်သဖြင့် ဒေါ်အေးဆွေ(၁၂/လမန(နိုင်)၀၀၆၃၉)က တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

[illegible]

**၄ . ၁ . ၂၀၁၄ ( ကျတ်လပ်ရေးနေ့ ) စနေနေ့**
**နေ့လည် ၁ : ၀၀ နာရီ မှ ၃ : ၀၀ နာရီ**

[illegible]

## ၁၉၇၈ ခုနှစ်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဘူမိဗေဒကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ ဖိတ်ကြားခြင်း

အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| နေ့ရက် | - ၁၈-၁-၂၀၁၄ ရက် (စနေနေ့) |
| အချိန် | - ညနေ ၅း၀၀ နာရီ |
| နေရာ | - New Doreen ( အထက်ဝါးတန်းလမ်း၊ ရော၀တီဘဏ်မျက်စောင်းထိုး) |

| | | | |
|---|---|---|---|
| ဦးမြထူး၊ ဦးကျော်ထူး | ဖုန်း- ၅၅၈၄၆၁ | ဦးလောရင့်သာထွန်း | ဖုန်း- ၀၉-၅၀၀၁၅၅၇ |
| ဦးစိုးသိန်း | ဖုန်း- ၀၉-၇၃၁၅၇၁၃၃ | ဦးတင်ဦး | ဖုန်း- ၅၂၆၁၃၁ |
| ဦးအောင်မြင့်ကျော် | ဖုန်း- ၃၇၄၆၄၂ | ဦးဇေယျ | ဖုန်း- ၀၉-၄၃၁၅၈၂၀၉ |
| ဦးမြင့်ဖုန်း | ဖုန်း- ၂၂၂၆၁၃ | ဦးအောင်မြ | ဖုန်း- ၀၉-၅၁၀၆၆၃၁ |
| ဦးဟံငြိမ်း | ဖုန်း- ၀၉-၇၃၁၄၄၈၀၈ | ဦးဇေမျိုးလှိုင် | ဖုန်း- ၀၉-၅၁၃၄၄၆၄ |
| ဦးမင်းအောင် | ဖုန်း- ၀၉-၅၀၅၅၅၂ | ဦးအောင်ကြိုင် | ဖုန်း- ၀၉-၅၀၀၂၉၇၄ |
| ဒေါက်တာလှဌေး | ဖုန်း- ၀၉-၅၀၉ ၂၆၁၆ | ဦးသောင်းလွင် | ဖုန်း- ၀၉-၅၁၁၈၆၅၀ |
| ဦးဦးဘစံ | ဖုန်း- ၀၉-၅၁၀၃၈၀၆ | ဦးစည်အောင် | ဖုန်း- ၀၉-၅၀၁၉၁၄၀ |
| ဦးအောင်ကျော်ထွန်း | ဖုန်း- ၀၉-၅၀၄၇၃၁၅ | | |

**(ပညာရည်ချွန်ဆုချီးမြှင့်ရန်အတွက် ၂၀၁၂ ခုနှစ် ၁၀ တန်းအောင်သား/သမီးများအမည် ပေးပို့ပါ။)**

[illegible]

**အမည်ပြောင်း**

တိုက်ကြီးမြို့၊ ရွာသာရွာနေ ဦးကျော်ထွန်းဦး၏သား အနောက်ပိုင်းတက္ကသိုလ် ဒုတိယနှစ်မှ မောင်ကျော်ရဲအောင်အစား မောင်ဇွဲထက်အောင်ဟု အမည်ခေါ်ပေးပါရန်။

**အမြန်ငှားမည်**

ပွဲစားမလို၊ ၁၅' × ၆၀' မြေညီ ဗဟိုလမ်းမကြီး၊ စမ်းချောင်း၊ ရန်ကုန်မြို့။ ဖုန်း- ၅၂၄၆၁၀၊
**(ဆိုင်ဖွင့်ရန်အလွန်ကောင်း)**

**တွေ့ရှိကအကြောင်းကြားပါရန်**

ကျွန်မ ဒေါ်သဥ္ဇာပပအောင်၏ ထုတ်ကုန်/သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်-ထသက-၃၂၀၅၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း- ၀၁-၅၀၂၂၈၆**

**မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရန်ကြေငြာချက်**

[illegible]